

**"အထက်မှကယ်တင်မခြင်း"**သည်ဆက်နွယ်သောကျမ်း ပိုဒ်ကလေးများကိုသမ္မာကျမ်းစာ၏အစိတ်အပိုင်း ကဏ္ဍအမျိုးမျိုးမှကောက်နုတ်စုဆောင်းဖော်ပြထား သောစာစောင်ငယ်ဖြစ်ပါသည်။ ကျမ်းစာကိုအကောင်း ဆုံးရှင်းပြထားသောအရာသည်ကျမ်း စာအုပ်ပင်ဖြစ်သည်ဟုကျွန်ုပ်ယုံကြည်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည်**"အထက်မှ"**လာသ ဖြင့်၊ ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်သော နှလုံး သားများအတွက်ကေန်မုချပင်အကူအညီပေးနိုင်ပါသည်။ ဟစုံတယောက်သည်နောင်တရ၍၊ အပြစ်ဒုစရိုက်ကိုစွန့်ကာ၊ သခင်ယေရှုခရစ်တော်ကိုသူ၏နှလုံးသားထဲ၌ကျိန်းဝပ် တော်မူရန်ဖိတ်ခေါ်ပြီး၊ သခင်ယေရှုခရစ်တော်ကိုကယ်တင် ရှင်အဖြစ်စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ပါက၊ သခင်ဘုရား သည်ထိုသူအားကိုယ်တော်တိုင်ထင်ရှား၍ကိုယ်တော်၏ဝမ်း မြောက်ခြင်းနှင့်ငြိမ်သက်ခြင်းကိုယုံကြည်သူ၏နှလုံးသား တွင်းသို့သွတ်သွင်းပေးပါလိမ့်မည်။ ကျွန်ုပ်သည်ဤအတွေ့အ ကြုံကို ၁၉၃၇ ခုနှစ်ဆီကတွေ့ကြုံခဲ့ရပြီး ယခုတိုင်ဤအံ့သြဖွယ်သောသခင်ဘုရားနှင့်မိတ်သဟာယဖွဲ့ခြင်း သည်ပြိုပျက်မသွားခဲ့ပါ။ သင်သည်ထိုသို့လက်ခံခြင်း ကိုမပြုလုပ်ရသေးပါလျှင်ယခုပင်ကိုယ်တော်အားသင်၏ ကယ်တင်ပိုင်ရှင်နှင့် အသက်သခင်အဖြစ်လက်ခံ၍ကိုယ်တော့်ထံလုံး လုံးအပ်နှံပါရန်ကျွန်ုပ်တိုက်တွန်းပါသည်။ **Watson Goodman**

(ဝပ်ဆင်ဂွဒ်မင်း)

## ရောမသြဝါဒစာ ၅း၈

ငါတို့ သည်အ ပြစ်ရှိစဉ်ပင်၊ ခရစ် တော်သည်ငါတို့ အတွက်ကြောင့်အသေခံ တော်မူသည် ဖြစ်၍၊ ဘုရား သခင်သည်ငါတို့ ကိုအဘယ်မျှ လောက်ချစ် တော်မူသည်ကိုငါတို့ အား ထင်ရှား စွာ ပြတော်မူ၏။

## ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၃

ကိုယ့်အဆွေတို့ အဖို့ အလို့ ငှာကိုယ့်အသက်ကိုစွန့် ခြင်း မေတ္တာထက်သာ၍မြတ်သောမေတ္တာသည်အဘယ်သူ၌မျှမရှိ။

## ဗျာဒိတ်ကျမ်း ၁း၅

သစ္စာ စောင့် သောသက် သေခံ ဖြစ် တော်မူထ သော၊ သေ သောသူတို့ တွင်သားဦး ဖြစ် တော်မူထ သော၊ လောကီဘုရင်တို့ ၏ အထွဋ်ဖြစ်တော်မူသော ယေရှုခရစ်တော်ကငှင်း၊ ကျေးဇူးတော်နှင့်ငြိမ်သက် ခြင်း သည်သင်တို့ ၌ရှိပါ စေ သော။ ငါတို့ ကိုချစ်၍ မိမိအသွေးနှင့်ငါတို့ ကိုဆေးကြောတော်မူ၍ . . . .။

## ရှင်ယောဟန်ခရစ်ဝင် ၃း၁၆

ဘုရား သခင်၏ သား တော်ကိုယုံ ကြည် သောသူအပေါင်း တို့ သည်ပျက်စီး ခြင်း သို့ မ ရောက်၊ ထာဝရအသက်ကိုရ စေ ခြင်း ငှာ၊ ဘုရား သခင်သည်မိမိ၌တပ ါး တည်း သောသား တော်ကိုစွန့် တော်မူသည့်တိုင်အောင်လောကီသားတို့ ကိုချစ်တော်မူ၏။

## ယေရမိအနာဂတ္တိကျမ်း ၃၁း၃

ထာဝရဘုရား သည်အဝေး ကထင်ရှား ၍ မိန့် တော်မူသည်ကား၊ အကယ်စင်စစ်ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ ကြောင့်ကရုဏာကျေးဇူးကိုသင့်၌ကြာမြင့်စွာပြ၏။

## ရှင်ယောဟန်ခရစ်ဝင် ၁း၁ ,၁၄(က)

အစအဦး ၌နှုတ်ကပတ် တော်ရှိ၏။ နှုတ်ကပတ် တော်သည် ဘုရား သခင်နှင့်အတူရှိ၏။ နှုတ်ကပတ် တော်သည်လည်း ဘုရား သခင် ဖြစ် တော်မူ၏။ . . . .နှုတ်ကပတ် တော်သည်လည်း လူ့ ဇာတိအ ဖြစ်ကိုခံယူ၍ ကျေးဇူး တော်နှင့်၎င်း၊ သစ္စာ တော်နှင့်၎င်း၊ ပြည့်စုံလျက်ငါတို့ တွင်တည်နေတော်မူသည် . . . .။

## ရှင်မဿဲခရစ်ဝင် ၁း၂၂-၂၃

ထိုအကြောင်း အရာမူကား၊ ထာဝရဘုရား သည်ပ ရောဖက် ဖြင့်ထား တော်မူ သောဗျာဒိတ် တော် ပြည့်စုံမည့်အကြောင်း တည်း။ ဗျာဒိတ် တော်အချက်ဟူမူကား၊ ကြည့်ရှု လော့။ သတို့ သမီး ကညာ သည်ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကိုဖွါးမြင်လတ္တံ့။ ထိုသား ကိုဧမာ နွေလအမည် ဖြင့်မှည့်ရ ကြလတ္တံ့ ဟုလာသတည်း။ ဧမာ နွေလအနက်ကား ငါတို့ နှင့်အတူရှိ တော်မူ သောဘုရား သခင် ဟုဆိုလိုသတည်း။

## ရှင်ယောဟန်ခရစ်ဝင် ၁၀း၃၀

ငါသည်ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်။

## ရှင်ယောဟန်ခရစ်ဝင် ၁၄း၉-၁၀(က)

ယေရှုက-ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့ နှင့်အ တူရှိ ပြီး မှသင်သည်ငါ့ ကိုမသိ သေး သ လော။ ငါ့ ကို မြင် သောသူ သည်ခမည်း တော်ကို မြင်၏။ သို့ ဖြစ်လျှင်ခမည်း တော်ကိုအကျွန်ုပ် အား ပြ တော်မူပါဟုသင်သည်အဘယ်သို့ ဆိုရသနည်း။ ငါသည် ခမည်း တော်၌ရှိသည်ကို၎င်း၊ ခမည်း တော်သည်ငါ့ ၌ရှိတော်မူသည် ကို၎င်း၊မယုံသလော။

## ရှင်လုကာခရစ်ဝင် ၁း၃၅

ကောင်း ကင်တမန်ကလည်း၊ သန့် ရှင်း သောဝိညာဉ် တော်သည်သင်၏ အပေါ် မှာသက် ရောက် တော်မူ၍၊ အ မြင့်ဆုံး သောဘုရား ၏ တန်ခိုး အာနု ဘော် တော်သည်သင့်ကိုလွှမ်း မိုး လိမ့်မည်။ ထိုအကြောင်း ကြောင့်ထိုသန့် ရှင်း သောသား သည်လည်း ဘုရားသခင်၏သားတော်ဟုခေါ် ဝေါ် သမုတ်ခြင်းကိုခံရလိမ့်မည်။

## ဟေရှာယအနာဂတ္တိကျမ်း ၉း၆

အကြောင်း မူကား၊ ငါတို့ အဖို့ သူငယ်ကိုဖွါး မြင်၏။ ငါတို့ အား သား ကို ပေး သနား တော်မူ၏။ ထိုသူသည်အုပ်စိုး ခြင်း အာဏာစက်ရှိလိမ့်မည်။ နာမ တော်မူကား၊ အံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုး ကြီး သောဘုရား သခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်း အရှင်ဟု ခေါ် ဝေါ် သမုတ်ခြင်းကိုခံတော်မူလိမ့်မည်။

## ရှင်မဿဲခရစ်ဝင် ၁၇း၅

ထိုသို့ လျှောက်စဉ်တွင်၊ ထွန်း လင်း သောမိုး တိမ်သည်ထိုသူတို့ ကိုလွှမ်း မိုး ၍၊ ဤသူသည်ငါနှစ်သက် မြတ်နိုး ရာ၊ ငါ၏ ချစ်သား ပေတည်း။ သူ၏စကား ကိုနား ထောင်ကြလော့ ဟုမိုး တိမ်ကအသံတော်ဖြစ်လေ၏။

## ရှင်ယောဟန်ခရစ်ဝင် ၉း၃၇

ယေရှုက–သင်သည်ထိုသူကို မြင်ခဲ့ ပြီသည်သာမက၊ သင်နှင့်ယခုစကား ပြောသောသူသည်ဘုရား သခင်၏ သား တော်ဖြစ်၏ ဟုမိန့်တော်မူလျှင် . . . .။

## ကောလောသဲဩဝါဒစာ ၂း၉

အကြောင်း မူကား ဘုရား သခင်၏ ဇာတိအ ဖြစ် တော်၏ ပြည့်စုံခြင်း အပေါင်း သည်ခရစ် တော်၌ကိုယ်ထင်ရှား ၍ ကိန်း ဝပ် တော်မူ၏။

# ယေရှုမည်သူဖြစ်ကြောင်း ကိုယ်တော်တိုင်ကျွန်ုပ်တို့ကိုဖော်ပြတော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၈း၂၃၊၂၄**

ယေရှုကလည်း၊ သင်တို့သည် အောက်သား ဖြစ်ကြ၏။ ငါမူကား အထက်သား ဖြစ်၏။ သင်တို့သည် လောကီသား ဖြစ်ကြ၏။ ငါမူကား လောကီသား မဟုတ်၊ ....ငါအမှန်အကန်ဆိုသည်ကား၊အာဖြဟံမဖြစ်မီငါဖြစ်၏ဟုမိန့်တော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၄း၂၅-၂၆**

မိန်းမကလည်း၊ မေရှိကြွလာတော်မူသည်ဟုအကျွန်ုပ်သိပါ၏။ ရောက်တော်မူသောအခါအကျွန်ုပ်တို့အားအလုံးစုံတို့ကိုဖော်ပြတော်မူမည်ဟု လျှောက်ပြန်၏။ မေရှိအနက်ကား ခရစ်တော်ဟုဆိုလိုသတည်း။ ယေရှုကလည်း သင်နှင့်စကားပြောသောငါသည် မေရှိယဖြစ်သည်ဟုမိန့်တော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၆း၃၅**

ယေရှုကလည်း၊ ငါသည်အသက်မုန့်ဖြစ်၏။ ငါ့ထံသို့လာသောသူသည် နောက်တဖန် အဆာအမွတ်မခံရ။ ငါ့ကိုယုံကြည်သောသူသည်နောက်တဖန်ရေငတ်မခံရ။

**ရှင်ယောဟန်ခရစ်ဝင် ၉း၅**

ငါသည်ဤလောက၌ရှိစဉ်တွင်ဤလောက၏အလင်းဖြစ်၏။

**ရှင်ယောဟန်ခရစ်ဝင် ၁၀း၇**

ထို့ကြောင့်တဖန် ယေရှုက၊ ငါအမှန်အကန်ဆိုသည်ကား၊ ငါသည်သိုးဝင်သောတံခါးဖြစ်၏။

## ရှင်မဿဲခရစ်ဝင် ၁၄း၁၈–၂၁

ထိုအခါလူအစုအဝေးတို့ကိုမြက်ပင်ပေါ်မှာလျောင်းကြစေ ဟုအမိန့်တော်ရှိ၏။ မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ကိုလည်းယူ၍ ကောင်းကင်သို့ကြည့်မျှော်လျက်၊ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်နှင့်ငါးကိုဖဲ့၍တပည့်တော်တို့အားပေးတော်မူ၏။ တပည့် တော်တို့သည်လည်းလူအပေါင်းတို့အားပေးကြ၏။ လူအပေါင်း တို့သည်စား၍ဝကြပြီးမှကြွင်းရစ်သောအကျိုးအပဲ့ကိုကောက် သိမ်း၍တဆယ့်နှစ်တောင်းအပြည့်ရကြ၏။ စားသောသူအရေအ တွက်ကား၊ မိန်းမနှင့်သူငယ်ကိုမဆိုဘဲ၊ ယောကျ်ားငါးထောင်မျှ လောက်ရှိသတည်း။

## ရှင်လုကာခရစ်ဝင် ၅း၅–၆

ရှိမုန်ကလည်း၊ သခင်၊ အကျွန်ုပ်တို့သည်တညဉ့်လုံးကြိုးစား သော်လည်းတကောင်မျှမရပါ။ သို့ရာတွင်အမိန့်တော်ရှိလျှင်ပိုက် ကွန်ကိုချပါမည်ဟုလျှောက်လေ၏။ ထိုသို့ချပြီးလျှင်၊ အလွန်များ စွာသောငါးတို့ကိုအုပ်မိသဖြင့်ပိုက်ကွန်သည်စုတ်ပြတ်စပြု၏။

## ရှင်မဿဲခရစ်ဝင် ၂၀း၃၀၊၃၂–၃၄

ယေရှုသည်ကြွသွားတော်မူကြောင်းကိုလမ်းနားမှာထိုင်နေ သောလူကန်းနှစ်ယောက်တို့သည်ကြားရလျှင်၊ ဒါဝိဒ်၏သား တော်အရှင်၊ အကျွန်ုပ်တို့ကိုကယ်မသနားတော်မူပါဟုဟစ်ကြော် လေ၏။ .... ယေရှုသည်လည်း ....သင်တို့၌အဘယ်သို့ပြု စေလိုသနည်းဟုမေးတော်မူလျှင်၊ သခင်၊ အကျွန်ုပ်တို့မျက် စိကိုပွင့်လင်းစေခြင်းငှာပြုတော်မူပါဟုလျှောက်ကြသော်၊ ယေရှုသည်သနားခြင်းစိတ်တော်ရှိ၍သူတို့၏မျက်စိကိုလက်နှင့်တို့ တော်မူ၏။ ထိုခဏချင်းတွင်ထိုသူတို့သည်မျက်စိမြင်၍နောက်တော် သို့လိုက်ကြ၏။

**ဧဖက်သြဝါဒစာ ၃း၉**

. . . . အလုံး စုံတို့ ကို ယေရှုခရစ် တော်အား ဖြင့်ဖန်ဆင်း တော်မူသောဘုရားသခင် . . . .

**ကောလောသဲသြဝါဒစာ ၁း၁၆**

အကြောင်း မူကား၊ ထိုသား တော်သည် ကောင်း ကင် ပေါ် မြေကြီး ပေါ် မှာရှိသမျှ သော၊ ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင် ဖြစ် စေ၊ အစိုး ရခြင်း တန်ခိုး ဖြစ် စေ၊ အထွဋ်အမြတ် ဖြစ် စေ၊ အာဏာစက် ဖြစ် စေ၊ ခပ်သိမ်း သောအရာတို့ ကိုဖန်ဆင်း တော်မူ၏။ ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဖို့ အလို့ ငှာ၎င်း၊ ခပ်သိမ်း သောအရာတို့ သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁း၃**

ထိုနှုတ်ကပတ် တော်သည်ခပ်သိမ်း သောအရာတို့ ကိုဖန်ဆင်း တော်မူ၏။ ဖန်ဆင်း တော်မူ ခြင်း နှင့်ကင်း လွတ်လျက် ဖြစ် သော အရာတစုံတခုမျှမရှိ။

**ဟေဗြဲသြဝါဒစာ ၁း၁(ခ)-၂**

. . . . ဘုရား သခင်သည်၊ ဤ နောက်ဆုံး ကာလအခါ၊ မိမိသား တော်အား ဖြင့်ငါတို့ အားဗျာဒိတ်ပေး တော်မူပြီ။ ထိုသား တော်ကို အလုံး စုံတို့ ၏ အမွေခံသခင်အရာ၌ခန့် ထား တော်မူ၏။ သား တော် အားဖြင့်လည်းလောကဓါတ်တို့ ကိုတည်တော်မူ၏။

## (7) ယေရှုခရစ်တော်သည်ခပ်သိမ်းသောလူတို့ကိုတရား ၇ စီရင်မည့်သူဖြစ်တော်မူ၏။

### ရောမသြဝါဒစာ ၁၄း၁၀

သင်သည်ညီအစ်ကိုချင်း ကိုအဘယ့် ကြောင့်စစ် ကြောစီရင်သနည်း။ ညီအစ်ကိုချင်း ကိုအဘယ့် ကြောင့်မထီမဲ့ မြင်ပြုသနည်း။ ငါတို့ ရှိသမျှသည်ခရစ် တော်၏ တရား ပလ္လင် တော် ရှေ့ သို့ ရောက်ရကြမည်။

### တိမောသေသြဝါဒစာဒုတိယစောင် ၄း၁

ကိုယ် တော်တိုင် ပေါ် ထွန်း၍ နိုင်ငံ တော်ထင်ရှား သောကာလ၊ အသက်ရှင် သောသူ၊ သေ သောသူတို့ ကိုစစ် ကြောစီရင် တော်မူသောသခင် ယေရှုခရစ် တော် ရှေ့ မှာ၄င်း၊ ဘုရား သခင် ရှေ့ မှာ၄င်း၊ ငါသည်သင့်ကိုသစ္စာပေးသည်ကား . . . .။

### ရှင်မဿဲခရစ်ဝင် ၂၅း၃၁-၃၂

လူသား သည်မိမိဘုန်း အာနု ဘော်ကို ဆောင်လျက်၊ သန့် ရှင်းသော ကောင်း ကင်တမန်များ အခြံအရံတို့ နှင့်ကြွလာ တော်မူ သောအခါ၊ ဘုန်း ရှိသောပလ္လင် တော် ပေါ် မှာထိုင်၍၊ ရှေ့ တော်၌လူမျိုးအပေါင်း တို့ ကိုစုဝေး စေသဖြင့်၊သိုးထိန်း သည်သိုး နှင့်ဆိတ်တို့ ကိုတခြား စီခွဲ ထား သကဲ့ သို့ လူအပေါင်း တို့ ကိုအသီး အခြား ခွဲ ထား ၍ . . . .။

### တမန်တော်ဝတ္ထု ၁၀း၄၂

ထိုသခင်သည်လည်း အသက်ရှင် သောသူတို့ နှင့် သေ သောသူတို့ ကိုတရား စီရင် သောသူ ဖြစ် စေ ခြင်း ငှာ၊ ဘုရား သခင်ခန့် ထား တော်မူ ကြောင်း ကိုလူအပေါင်း တို့ အား ဟော ပြော ကြ လော့၊ သက်သေခံကြလော့ဟု ငါတို့အားပညတ်ထားတော်မူ၏။

# ခရစ်တော်တပါးတည်းအားဖြင့်သာ ရွေးနုတ်ကယ်တင်တော်မူခြင်း

**ရှင်ယောဟန်ခရစ်ဝင် ၁၄:၆**

ယေရှုက–ငါသည်လမ်း ခရီး ဖြစ်၏။ သမ္မာတရား လည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ ကိုအမှီမပြုလျှင်အဘယ်သူမျှခမည်း တော်ထံသို့မရောက်ရ။

**ဟေဗြဲသြဝါဒစာ ၅:၉**

ထိုသို့ စုံလင်ခြင်း သို့ ရောက်ပြီး မှ၊ ယုံကြည်နား ထောင်သော သူအပေါင်း တို့ အား၊ ထာဝရကယ်တင်ခြင်း ကျေးဇူး ကိုပြု သောသူ ဖြစ်တော်မူ၍....။

**ရောမသြဝါဒစာ ၃:၂၄**

ယေရှုခရစ် ရွေး နုတ် တော်မူ သောအား ဖြင့်၊ အဖိုး ကိုမ ပေး ဘဲ ဘုရား သခင်၏ ကျေးဇူး တော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။

**ဟေဗြဲသြဝါဒစာ ၇:၂၅**

ထို့ ကြောင့်အ ကြင်သူတို့ သည် ယေရှုအား ဖြင့်၊ ဘုရား သခင် အထံ တော်သို့ ချဉ်း ကပ် ကြ၏။ ထိုသူတို့ ၏ အမှုကိုကိုယ် တော်သည် စောင့်လျှက်၊ ကာလအစဉ်အသက်ရှင် သော ကြောင့်သူတို့ ကိုအစဉ် ကယ်တင်ခြင်းငှာတတ်နိုင်တော်မူ၏။

**တမန်တော်ဝတ္ထု ၄:၁၂**

ထိုသခင်၏ နာမ တော်မှတပါး ငါတို့ ကိုကယ်တင်နိုင် သောနာမတစုံတခုမျှကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ....။

# ခရစ်တော်တပါးတည်းအားဖြင့်သာ ရွေးနုတ်ကယ်တင်တော်မူခြင်း



### တိတုသြဝါဒစာ ၂း၁၄

ထိုသခင် ယေရှုခရစ်သည်ခပ်သိမ်း သောဒုစရိုက်မှငါတို့ ကို ရွေးနုတ် ခြင်း ငှာ၄င်း၊ ကောင်း သောအကျင့်ဘက်၌စိတ်အား ကြီး၍ပိုင်ထိုက် တော်မူ သောအမျိုး ကိုမိမိအဖို့ စင် ကြယ် စေ ခြင်း ငှာ၄င်း၊ ကိုယ့်ကိုကိုယ်စွန့်ကြဲတော်မူပြီ။

### ကောလောသဲသြဝါဒစာ ၁း၁၁,၁၂-၁၄

....ခမည်း တော်ဘုရား ၏ ကျေး ဇူး တော်ကိုချီး မွမ်း လျှက် ....အလင်း ၌ နေ သောသန့် ရှင်း သူတို့ ၏ အမွေကိုငါတို့ သည် ဆက်ဆံဝင်စား ထိုက်မည်အကြောင်း ကျေး ဇူး ပြု တော်မူ၏။ မှောင်မိုက်တန်ခိုး မှလည်း ငါတို့ ကိုနုတ်၍ ချစ် တော်မူ သောသား တော်၏ နိုင်ငံထဲ သို့ သွင်း တော်မူ၏။ ထိုသား တော်၏အသွေး အား ဖြင့်အပြစ်လွှတ် တော်မူ ခြင်း တည်း ဟူ သော ရွေး နုတ် တော်မူ ခြင်း ကျေး ဇူး ကို ငါတို့သည်ခံရကြ၏။

### ရှင်လုကာခရစ်ဝင် ၁၉း၁၀

လူသား သည် ပျောက် သောသူတို့ ကိုရှာ၍ ကယ်တင်အံ့ သော ငှာကြွလာသတည်း။

### ဗျာဒိတ်ကျမ်း ၅း၉-၁၀

ကိုယ် တော်သည်အသေသတ် ခြင်း ကိုခံ တော်မူ သောအား ဖြင့်၊ အံ့သီး အသီး ဘာသာစကား ကို ပြော သောလူအမျိုး အနွယ်ခပ်သိမ်း တို့ အထဲ မှအကျွန်ုပ်တို့ ကိုယူ၍၊ အသွေး တော်နှင့်ဘုရား သခင်အဖို့ ရွေး နုတ် တော်မူ၏။ ....ထို့ ကြောင့်ကိုယ် တော်သည်စာ စောင်ကိုခံယူ၍ တံဆိပ်တို့ ကိုဖွင့်ထိုက် တော်မူ၏ ဟုအသစ် သောသီချင်း ကိုသီ၍လျှောက်ဆိုကြ၏။

# ခရစ်တော်၏အသွေးတော်
# အားဖြင့်ရွေးဝယ်တော်မူခြင်း



**ရောမသြဝါဒစာ ၅း၉**

သို့ ဖြစ်၍ ယခုတွင်အသွေး တော်အား ဖြင့် ဖြောင့်မတ်ရာသို့ ရောက် ပြီး မှ၊ ထိုသခင်အား ဖြင့်အ ပြစ်ငရဲ မှကယ်ချွတ် တော်မူ ခြင်း သို့ရောက်မည်ဟုသာ၍မြော်လင့်စရာရှိ၏။

**ဧဖက်သြဝါဒစာ ၁း၇**

....များ လွန်စွာ သော ကျေး ဇူး တော်သည်ကြွယ်ဝ ပြည့်စုံသည်နှင့်အညီ၊ ထိုသား တော်၏ အသွေး အား ဖြင့်အပြစ်လွှတ် တော်မူခြင်း တည်းဟူသော ရွေး နုတ် တော်မူခြင်း ကျေး ဇူး ကိုငါတို့ သည်ခံရကြ၏။

**ရှင်မဿဲခရစ်ဝင် ၂၆း၂၈**

ဤခွက်ကား ပဋိညာဉ်တရား သစ်နှင့်ဆိုင်၍ လူများ တို့ ၏ အပြစ်ကိုလွှတ်စေခြင်းငှာသွန်းသောငါ၏အသွေးဖြစ်၏။

**ရှင်ပေတရုသြဝါဒစာပဌမစောင် ၁း၁၈-၁၉**

မိစဉ်ဘဆက်ကျင်လည် သောအချည်း နှီး ကျင့် ကြံပြုမူ ခြင်း မှ၊ ရွှေ ငွေအစရှိ သော ဖေါက် ပြန်ပျက်စီး တတ် သောဥစ္စာနှင့်သင်တို့ ကို ရွေး တော်မူသည်မဟုတ်။ အဘယ်အ ပြစ်မျှမရှိ၊ အညစ်အကြေး နှင့်ကင်း စင် သောသိုး သူငယ်ကဲ့ သို့ သောခရစ် တော်၏ အသွေး တော်မြတ်နှင့်ရွေးတော်မူသည်ကိုသိမှတ်ကြလော့။

**ရှင်ယောဟန်သြဝါဒစာပဌမစောင် ၁း၇**

ဘုရား သခင်သည်အလင်း ၌ရှိ တော်မူသကဲ့ သို့၊ ငါတို့ သည် အလင်း ၌ကျင်လည်လျှင်အချင်း ချင်း မိတ်သဟာယဖွဲ့ ခြင်း ရှိ ကြသည် ဖြစ်၍၊ ဘုရား သခင်၏ သား တော် ယေရှုခရစ်၏ အသွေး တော်သည်၊ငါတို့ အပြစ်ရှိသမျှကိုဆေးကြောတော်မူ၏။

**ဧဖက်သြဝါဒစာ ၂း၈-၉**

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာ ဖြစ်သတည်း။ ကိုယ့်ကုသိုလ် ကြောင့်ကယ်တင် တော်မူ ခြင်း သို့ ရောက်သည်မဟုတ်။ သို့ ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။

**ရောမသြဝါဒစာ ၅း၁**

ထို့ ကြောင့်ငါတို့ သည်ယုံ ကြည် ခြင်း ရှိ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင်၊ ငါတို့ သခင် ယေရှုခရစ်အားဖြင့်ဘုရား သခင် ရှေ့တော်၌ငြိမ်သက်ခြင်းကိုခံစားကြ၏။

**ဂလာတိသြဝါဒစာ ၅း၆**

ယေရှုခရစ်ထံ၌အရေဖျားလှီးခြင်း အကျိုးမရှိ။ မခံဘဲ နေခြင်းလည်း အကျိုးမရှိ။ မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်းသာအကျိုးရှိ၏။

**ရှင်ယောဟန်သြဝါဒစာပဌမစောင် ၅း၄**

ဘုရားသခင်၏ သား ဖြစ်သောသူမည်သည်ကား၊ လောကကို အောင်တတ်၏။ လောကကိုအောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းပေတည်း။

**ရှင်ယောဟန်ခရစ်ဝင် ၆း၂၈-၂၉**

ထိုသူတို့ ကလည်း၊ ဘုရားသခင်၏ အလိုတော်နှင့်ညီသောအကျင့်ကိုကျင့်ခြင်းငှာအဘယ်သို့ ပြုရပါမည်နည်းဟု မေး လျှောက်ကြ၏။ ယေရှုကလည်း ဘုရားသခင် စေလွှတ်တော်မူသောသူကိုယုံကြည်ခြင်းအကျင့်ကား အလိုတော်နှင့်ညီသောအကျင့်တည်းဟုမိန့်တော်မူ၏။

**ဆာလံကျမ်း ၁၀၃:၁၁-၁၇**

မြေကြီး ပေါ် တွင် ကောင်းကင်အမြင့်ရှိသည့်အတိုင်း၊ ထာဝရဘုရား ကို ကြောက်ရွံ့ သောသူတို့ ၌ကရုဏာ တော်သည်အား ကြီးပေ၏။ ....ထာဝရဘုရား ၏ ကရုဏာ တော်မူကား၊ ကြောက်ရွံ့ သောသူတို့အပေါ် သို့ကာလအစဉ်အဆက်သက်ရောက်တတ်၏။

**ကောရိန္သုဩဝါဒစာဒုတိယစောင် ၁:၃**

သနား ခြင်း ကရုဏာ၏ အဘ၊ သက်သာ ခြင်း အမျိုး မျိုး တို့ ၏ အရှင်တည်း ဟူ သော ...ခမည်း တော်ဘုရား သခင်သည်မင်္ဂလာရှိတော်မူစေသတည်း။

**မိက္ခာအနာဂတ္တိကျမ်း ၇:၁၈**

အ ပြစ်မှလွှတ် တော်မူထ သော၊ ကျန်ကြွင်း သောအမွေ တော်လူတို့ ၏ လွန်ကျူး ခြင်း များ ကိုသည်း ခံ တော်မူထ သော၊ ကရုဏာ၌မွေ့ လျော် သော ကြောင့်အစဉ်အမျက်ထွက် တော်မမူ သောကိုယ်တော်ကဲ့သို့အဘယ်ဘုရားရှိပါသနည်း။

**ယေရမိမြည်တမ်းစကား ၃:၂၂-၂၃**

ထာဝရဘုရား သည်သနား တော်မူ၍ ကရုဏာ တော်သည်မကုန်သော ကြောင့်၊ ငါတို့ သည်ဆုံး ရှုံး ခြင်း သို့ မ ရောက်ဘဲ နေ ကြ၏။ နံနက်တိုင်း ကရုဏာ တော်အသစ်ကိုခံရ ကြ၏။ သစ္စာ တော်သည် ကြီးမြတ်ပါ၏။

**တိတုဩဝါဒစာ ၃:၅**

ငါတို့ ကျင့် သော ဖြောင့်မတ် ခြင်း အကျင့်အား ဖြင့်မဟုတ်ဘဲ၊ မိမိသနား ခြင်း ကရုဏာ တော်နှင့်အညီဒုတိယ မွေး ခြင်း နှင့်ဆိုင်သောဆေး ကြော ခြင်း အား ဖြင့်၎င်း၊ သန့် ရှင်း သောဝိညာဉ် တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်၎င်းငါတို့ကိုကယ်တင်တော်မူ၏။

# ဘုရားသခင်သည်သူ့ထံတော်သို့လာရန် ကမ်းလှမ်းဖိတ်ခေါ်လျက်ရှိပါသည်။

**ဟေရှာယအနာဂတ္တိကျမ်း ၁း၁၈**

ထာဝရဘုရား မိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည်နီသောအဆင်းရှိသော်လည်း၊ မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်။ ကတ္တီပါနှင့်အမျှနီသော်လည်းသိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။

**ဗျာဒိတ်ကျမ်း ၂၂း၁၇**

ဝိညာဉ်တော်နှင့်မင်္ဂလာဆောင်သတို့သမီးက၊ လာခဲ့ပါဟုဆိုကြ၏။ ကြားသောသူကလည်း လာခဲ့ပါဟုဆိုပါစေ။ အလိုရှိသောသူသည်အဖိုးကိုမပေးဘဲလာ၍စပျစ်ရည်နှင့်နို့ကိုဝယ်ကြလော့။

**ဟေရှာယအနာဂတ္တိကျမ်း ၅၅း၁**

အို့ရေငတ်သောသူအပေါင်းတို့၊ ရေရှိရာသို့ လာကြလော့။ ငွေမရှိသောသူတို့ လာကြ။ ဝယ်၍စားသောက်ကြလော့။ ငွေမပါဘဲ၊အဖိုးကိုမပေးဘဲလာ၍စပျစ်ရည်နှင့်နို့ကိုဝယ်ကြလော့။

**ရှင်ယောဟန်ခရစ်ဝင် ၇း၃၇**

ထိုပွဲကိုခံ၍နောက်ဆုံးနေ့ဖြစ်သောနေ့မြတ်၌ယေရှုသည်ရပ်၍ကြွေးကြော်တော်မူသည်ကား၊ ရေငတ်သောသူရှိလျှင်ငါ့ထံသို့လာ၍သောက်လော့။

**ရှင်မာကုခရစ်ဝင် ၁၀း၁၄**

ယေရှုသည် မြင်တော်မူလျှင်၊ အမျက်တော်ထွက်၍၊ ထိုသူငယ်တို့ကိုငါ့ထံသို့လာပါလေစေ။ မဆီးတားကြနှင့်။ ဘုရားသခင်၏နိုင်ငံတော်သည်ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏(ဟုမိန့်တော်မူ၏)

## လူအယောက်တိုင်းသည်ဘုရားသခင်၏ (14)
## သားသမီးများမဟုတ်ကြသေးပါ။

### ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၃း၁၀

ထိုသို့ သောလက္ခဏာအား ဖြင့်၊ ဘုရား သခင်၏ သား တို့ နှင့် မာရ်နတ်၏ သား တို့ သည်ထင်ရှား ကြ၏။ ဖြောင့်မတ် ခြင်း တရားကို မကျင့် သောသူ၊ မိမိညီအစ်ကိုကိုမချစ် သောသူမည်သည်ကား၊ ဘုရား သခင်နှင့်မဆိုင်။

### ရောမဩဝါဒစာ ၈း၁၄–၁၅

ဘုရား သခင်၏ ဝိညာဉ် တော်ဆုံး မပဲ့ ပြင် တော်မူသမျှ သောသူတို့ သည်ဘုရား သခင်၏ သား ဖြစ် ကြ၏။ အကြောင်း မူကား၊ သင်တို့ သည်တဖန် ကြောက်ရွံ့ တတ် သောကျွန်၏ သ ဘောကိုရ ကြသည်မဟုတ်။ အဗ္ဗအဘဟု ခေါ် ရသောအခွင့်နှင့်သား ဖြစ် ခြင်း ၏ သဘောကိုရကြပြီ။

### ကောရိန္တုဩဝါဒစာဒုတိယစောင် ၆း၁၇–၁၈

ထို့ ကြောင့်ထာဝရဘုရား မိန့် တော်မူ ပြန်သည်ကား၊ သင်တို့ သည်ထိုသူတို့ အထဲမှထွက်၍အသီးအခြား နေကြလော့။ မစင်ကြယ် သောအရာကိုလက်နှင့်မျှမတို့ ကြနှင့်။ ထို့ သို့ ပြုလျှင်သင်တို့ ကိုငါသည်လက်ခံမည်။ သင်တို့ ၏ အဘ ဖြစ်မည်။ သင်တို့ သည်လည်း ငါ၏ သား သမီး ဖြစ် ကြလိမ့်မည်ဟုအနန္တတန်ခိုး နှင့် ပြည့်စုံ သောထာဝရဘုရားမိန့် တော်မူ၏။

### ရှင်ယောဟန်ခရစ်ဝင် ၁း၁၂

ထိုသူကိုလက်ခံသမျှ သောသူတည်း ဟူ သောကိုယ် တော်ကိုယုံ ကြည် သောသူတို့ အား၊ ဘုရား သခင်၏ သား ဖြစ်ရ သောအခွင့်ကို ပေးတော်မူ၏။

## ဘုရားသခင်သည်သေရည်သေရက်နှင့် ပတ်သက်၍မည်သို့မိန့်တော်မူထားသနည်း။



### ဂလာတိသြဝါဒစာ ၅:၁၉-၂၁

ဇာတိပကတိအကျင့်တို့ သည်ထင်ရှားကြ၏။ ထိုအကျင့်တို့ မူကား၊ သူ့မယားကိုပြစ်မှားခြင်း၊ မတရားသောမေထုန်ဒွမ်မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ သူတပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုန်ခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူ့အသက်ကိုသတ်ခြင်း၊ ယစ်မျိုးကိုသောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သောအကျင့်ပေတည်း။ ထိုသို့ သောသူတို့ သည်၊ ဘုရားသခင်၏ နိုင်ငံတော်ကိုအမွေမခံရကြဟုအထက်ကငါ ပြောနှင့်ခဲ့ ပြီးသည်အတိုင်း၊ ယခုပင်လည်း ငါ ပြောနှင့်၏။

### ရောမသြဝါဒစာ ၁၃:၁၃-၁၄

ပွဲလုပ်ခြင်း၊ ယစ်မျိုးသောက်ကြူးခြင်း၊ မတရားသောမေထုန်ဒွမ်မှီဝဲခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်းအမှုတို့ကိုကြဉ်ရှောင်၍ နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာကျင့်ဆောင်ပြုမူကြကုန်အံ့။ သခင် ယေရှုခရစ်ကိုယူတင်ဝတ်ဆောင်ကြလော့။ ကိုယ်ကာယ၏တပ်မက်ခြင်းအလို့ငှာမကြံစည်ကြနှင့်။

### ဟေရှာယအနာဂတ္တိကျမ်း ၅:၁၁

သေရည်သေရက်ကိုသောက်အံ့သောငှာ၊ နံနက်စောစောထ၍ စပျစ်ရည်နှင့်ယစ်မူးအံ့ သောငှာ၊ ညဉ့်ကိုလည်း လွန်စေတတ်သော သူတို့သည်အမင်္ဂလာရှိကြ၏။

### ရှင်မဿဲခရစ်ဝင် ၂၂:၃၇-၃၈

ယေရှုက-သင်၏ ဘုရား သခင်ထာဝရဘုရား ကို၊ စိတ်နှလုံး အကြွင်း မဲ့ ဥာဏ်ရှိသမျှနှင့်ချစ် လော့။ ဟူ သောပညတ်သည်ပဌမပညတ်ဖြစ်၏။ကြီးမြတ်သောပညတ်လည်းဖြစ်၏။

### ရှင်မာကုခရစ်ဝင် ၁၀:၁၇-၂၂

.... ကောင်း မြတ် သောဆရာ၊ ထာဝရအသက်ကိုအမွေခံရအံ့. သောငှာအကျွန်ုပ်သည်အဘယ်အမှုကိုပြုရပါမည်နည်း ဟု မေးလျှောက်သော် ယေရှုက၊ ငါ့ကိုကောင်းမြတ်သည်ဟု အဘယ့်ကြောင့် ခေါ် သနည်း။ ဘုရား သခင်တပါး တည်း သာ ကောင်း မြတ်တော်မူ၏။ သင်သည်ပညတ် တော်တို့ ကိုသိသည်မဟုတ် လော။ သူ့မယား ကိုမ ပြစ်မှား နှင့်။ လူ့ အသက်ကိုမသတ်နှင့်။ သူ့ ဥစ္စာကိုမခိုးနှင့်။ မမှန် သောသက် သေကိုမခံနှင့်။ သူ့ ဥစ္စာကိုမတရား သ ဖြင့်မသိမ်း နှင့်။ မိဘကိုရိုသေစွာပြု လော့ ဟုမိန့် တော်မူလျှင်၊ အရှင်ဘုရား ထိုပညတ်ရှိသမျှကို အကျွန်ုပ်သည် ငယ်သောအရွယ်မှစ၍စောင့်ရှောက်ပါ ပြီဟု လျှောက် ပြန်လျှင်၊ ယေရှုသည်ထိုသူကို ကြည့်လျှက်၊ ချစ် သောစိတ်ရှိ၍၊ သင်သည်တခုလို သေး ၏။ သွား လော့။ ကိုယ့်ဥစ္စာရှိသမျှကို ရောင်း၍ဆင်းရဲသောသူတို့အားပေးလော့။ထိုသို့ပြုလျှင် ကောင်း ကင်ဘုံ၌ဘဏ္ဍာကိုရလိမ့်မည်။ သို့ ပြီး မှလာ၍ လက်ဝါး ကပ်တိုင်ကိုထမ်း လျှက်ငါ့ နောက်သို့ လိုက် လော့ဟုမိန့် တော်မူ၏။ ထိုသူသည်များ စွာ သောဥစ္စာကိုရတတ် သောသူ ဖြစ်၍၊ ထိုစကား ကိုကြားလျှင်မျက်နှာပျက်၍စိတ်မသာသည်နှင့်သွားလေ၏။

### သုတ္တံကျမ်း ၁၄:၁၂

လူထင်သည်အတိုင်း မှန် သောလက္ခဏာရှိ သော်လည်း၊ အဆုံး၌ သေခြင်းသို့ ပို့ သောလမ်းတမျိုးရှိ၏။

## ဂလာတိဩဝါဒစာ ၆း၇

အလွဲ မယူ ကြနှင့်။ ဘုရား သခင်သည်မထီမဲ့ မြင်ပြု ခြင်း ကိုခံ တော်မမူ။ လူသည်မျိုး စေ့ ကြဲ သည့်အတိုင်း အသီး အနှံကိုရိတ်ရ လိမ့်မည်။

## ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၃း၇-၈(က)

ချစ်သား တို့၊ သင်တို့ ကိုအဘယ်သူမျှမလှည့် ဖြား စေနှင့်။ အ ကြင်သူသည် ဖြောင့်မတ် ခြင်း တရား ကိုကျင့်၏။ ကိုယ် တော်သည် ဖြောင့်မတ် တော်မူသည့်နည်း တူထိုသူသည် ဖြောင့်မတ် ခြင်း ရှိ၏။ မာရ်နတ်သည် ရှေးဦးစွာမှစ၍ ဒုစရိုက်ကိုပြုသောသူ ဖြစ်သော ကြောင့်အ ကြင်သူသည်ဒုစရိုက်ကိုပြု၏။ ထိုသူသည်မာရ်နတ်နှင့်ဆိုင် ၏။

## ကောရိန္သုဩဝါဒစာပဌမစောင် ၆း၉-၁၀

မတရား သောသူတို့ သည်ဘုရား သခင်၏ နိုင်ငံ တော်ကိုအမွေမ ခံရသည်ကို၊ သင်တို့ သည်မသိကြသ လော။ အလွဲမယူကြနှင့်။ မတရား သော မေထုန်၌မှီဝဲ သောသူ၊ ရုပ်တုကိုကိုး ကွယ် သောသူ၊ သူ့ မယား ကို ပြစ်မှား သောသူ၊ ယောကျ်ား ချင်း မေထုန်ကိုပြု သောသူ၊ ထိုအပြုကိုခံ သောသူ၊ သူ့ ဥစ္စာကိုခိုး သောသူ၊ လောဘလွန်ကျူး သောသူ၊ သေ ရည် သေရက်နှင့်ယစ်မူး သောသူ၊ ဆဲ ရေး ကဲ့ ရဲ့ သောသူ၊ အနိုင်အ ထက်လုယူ သောသူတို့ သည်ဘုရား သခင်၏ နိုင်ငံ တော်ကိုအမွေမခံ ရကြ။

## ရှင်ယာကုပ်ဩဝါဒစာ ၁း၂၂

ကိုယ့်ကိုကိုယ် လှည့်ဖြား၍ နှုတ်ကပတ်တရားကိုနာရုံမျှသာပြု သောသူမဟုတ်။တရားကိုကျင့်သောသူဖြစ်ကြလော့။

## ဂလာတိဩဝါဒစာ ၆း၃

အကြင်သူသည် ဘာမျှမဟုတ်ဘဲလျက်၊ ဤမျှလောက်ငါဖြစ် သည်ဟုစိတ်ထင်လျှင်၊ထိုသူသည်ကိုယ်ကိုလှည့်ဖြားသောသူဖြစ်၏။

**ရောမသြဝါဒစာ ၅း၁၂**

ဤအကြောင်း အရာဟူမူကား၊ အ ပြစ်တရား သည်တယောက် သောသူအား ဖြင့် ဤ လောကသို့ ဝင်၍၊ အပြစ်တရား အား ဖြင့် သေ ခြင်း တရား ဝင်သည်နှင့်အညီလူအပေါင်း တို့ သည်အ ပြစ်ရှိ သော ကြောင့်သေခြင်းသို့ ရောက်ရကြ၏။

**ရှင်ယာကုပ်သြဝါဒစာ ၁း၁၅**

တပ်မက် သောစိတ်သည်ပဋိသ န္ဓေယူ၍ ဒုစရိုက်ကိုဖွ ါး တတ်၏။ ဒုစရိုက်သည်လည်းပြည့်စုံလျှင်သေခြင်းကိုဖွ ါးတတ်၏။

**ရောမသြဝါဒစာ ၈း၆-၇**

ဇာတိပကတိစိတ်သ ဘောသည် သေ ခြင်း အကြောင်း ဖြစ်၏။ ဝိ ညာဉ်ပကတိစိတ်သ ဘောသည်အသက်ရှင် ခြင်း အကြောင်း နှင့် ငြိမ် သက် ခြင်း အကြောင်း ဖြစ်၏။ အဘယ့် ကြောင့်နည်း ဟူမူကား ဇာတိ ပကတိစိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရား သခင်၏ တရား တော်အလိုသို့ မလိုက်ဟုတ်။ ထိုမျှမကမလိုက် နိုင်။

**ယေဇကျေလအနာဂတ္တိကျမ်း ၁၈း၂၀**

ပြစ်မှား သောသူ(စိတ်ဝိညာဉ်)သည်အသေခံရမည်။ သား သည် အဘ၏အပြစ်ကိုမခံရ။ အဘသည်သား၏အပြစ်ကို မခံရ။ တရား သောသူသည်တရား စွာပြု ခြင်း အကျိုး ကိုငင်း၊ မတရား သောသူ သည်မတရားစွာပြုခြင်းအပြစ်ကိုငင်းခံရလိမ့်မည်။

**သုတ္တံကျမ်း ၁၁း၁၉**

ဖြောင့်မတ် ခြင်း တရား သည်အသက်ရှင် ခြင်း နှင့်ဆိုင်သကဲ့ သို့ ဒုစရိုက်ကိုလိုက်ရှာ သောသူသည်လည်း၊ မိမိ သေ ခြင်း တိုင် အောင် လိုက်ရှာတတ်၏။

## ရှင်ယောဟန်ခရစ်ဝင် ၁၁:၄၃-၄၄

(ထိုသို့)မိန့်မြွက်တော်မူပြီး မှလာဇရုထွက်၍ လာလော့ဟု ကြီးသောအသံနှင့်ဟစ်ခေါ်တော်မူ၏။ ထိုအခါ သေလွန်သောသူသည်မိမိ ခြေလက်၌ပုဆိုးနံငယ်နှင့်ရစ်ပတ်လျက်၊ မျက်နှာကိုလည်း ပုဝါနှင့်စည်းလျက်ထွက်လာ၏။ ယေရှုကလည်း သူ့ကို ဖြည်၍လွှတ်ကြလော့ဟုမိန့်တော်မူ၏။

## ရှင်လုကာခရစ်ဝင် ၇:၁၃(ခ)-၁၄

....အနီးသို့ကြွ၍ တလားကို လက်နှင့်တို့တော်မူသဖြင့်၊ ထမ်းသောသူတို့သည်ရပ်၍နေကြ၏။ ကိုယ်တော်ကလည်း၊ အချင်းလုလင်ထလော့၊ သင့်အား ငါအမိန့်ရှိသည်ဟုမိန့်တော်မူလျှင်၊ သေသောသူသည်ထိုင်၍စကားပြော၏။

## ရှင်ယောဟန်ခရစ်ဝင် ၁၀:၁၇-၁၈

ငါသည် ကိုယ်အသက်ကိုစွန့်၍ နောက်တဖန် ယူဦးမည်ဖြစ်သောကြောင့်၊ ငါ့ခမည်းတော်သည်ငါ့ကိုချစ်တော်မူ၏။ ငါ့အသက်ကိုအဘယ်သူမျှ မလုမယူ။ ကိုယ်အလိုအလျောက် ငါစွန့်၏။ ကိုယ့်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တဖန်ကိုယ့်အသက်ကိုယူပြန်ရသောအခွင့်သည်ငါ၌ရှိ၏။ ထိုအခွင့်ကို ခမည်းတော်သည်ပေးတော်မူပြီ။

## ဗျာဒိတ်ကျမ်း ၁:၁၈

အသက်ရှင်သောသူလည်း ဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍ကမ္ဘာအဆက်ဆက်အသက်နှင့် ပြည့်စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်းငါအစိုးရ၏။

**တရားဟောရာကျမ်း ၅း၇–၂၁**

ငါမှတပါးအခြားသောဘုရားကိုမကိုးကွယ်နှင့်။

အထက်မိုး ကောင်း ကင်၌၄င်း၊ အောက်အရပ် မြေကြီး ပေါ်၌ ၄င်း၊ မြေကြီး အောက် ရေထဲ၌၄င်း ရှိသောအရာနှင့်ပုံသဏ္ဍာန်တူစွာ ရုပ်ထုဆင်းထုကိုကိုယ့်အဖို့မလုပ်နှင့်။ဦးမချဝတ်မပြုနှင့် . . . . ။

သင်၏ ဘုရား သခင်ထာဝရဘုရား ၏ နာမ တော်ကိုမုသာနှင့် ဆိုင်၍ မမြွက်ဆိုနှင့်။ အကြောင်း မူကား၊ နာမ တော်ကိုမုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကိုအပြစ်မရှိဟုထာဝရဘုရားမှတ်တော်မမူ။

သင်၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည့်အတိုင်း၊ ဥပုသ်နေ့ကိုသန့်ရှင်း စေခြင်းငှာ၊ထိုနေ့ရက်ကိုစောင့်လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကိုကျိုးစား၍ လုပ်ဆောင်လော့ . . . .။

. . . .သင်၏ဘုရားသခင် ထာဝရဘုရား မှာထားတော်မူသည့်အတိုင်းသင်၏မိဘကိုရိုသေစွာပြုလော့။

လူ့အသက်ကိုမသတ်နှင့်။

သူ့မယားကိုမပြစ်မှားနှင့်။

သူ့ဥစ္စာကိုမခိုးနှင့်။

ကိုယ်နှင့်စပ်ဆိုင် သောသူတဘက်၌မမှန် သောသက် သေကိုမခံနှင့်။

ကိုယ်နှင့်စပ်ဆိုင် သောသူ၏ မယား ကိုတပ်မက် သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင် သောသူ၏ အိမ်၊ လယ်ယာ၊ ကျွန် ယောကျ်ား မိန်း မ၊ နွား မြည်း မှစ၍ ကိုယ်နှင့်စပ်ဆိုင် သောသူ၏ဥစ္စာတစုံတခုကိုမျှ တပ်မက်လိုချင်သောစိတ်မရှိစေနှင့် . . . .။

## (21) သင်သည်ဘုရားသခင့်ထံတော်မှ ပုန်းကွယ်၍မရနိုင်ပါ။

### ယောဘဝတ္ထု ၃၄း၂၁-၂၂

အကြောင်း မူကား၊ လူသွား ရာလမ်း တို့ ကိုဘုရား သခင် ကြည့်ရှု၍ လူ ခြေရာရှိသမျှတို့ ကိုမြင် တော်မူ၏။ မတရား သ ဖြင့်ကျင့် သော သူ၏ပုန်းရှောင်ရာမှောင်မိုက်၊သေခြင်းအရိပ်တစုံတခုမျှမရှိ။

### ယေရမိအနာဂတ္တိကျမ်း ၂၃း၂၄

ငါမ မြင် စေ ခြင်း ငှာ၊ အဘယ်သူသည်မထင်ရှား သောအရပ်၌ ပုန်း ရှောင်၍ နေနိုင်သနည်း ဟုထာဝရဘုရား မေး တော်မူ၏။ ငါ သည် ကောင်း ကင် မြေကြီး ကိုနှံ့ ပြား သည်မဟုတ် လောဟုထာဝရ ဘုရားမေးတော်မူ၏။

### ဆာလံကျမ်း ၁၃၉း၈,၁၂

ကောင်း ကင်သို့ တက်လျှင်ကိုယ် တော်ရှိ တော်မူ၏။ မရဏနိုင်ငံ၌အိပ်ရာကိုခင်း လျှင်ကိုယ် တော်ရှိ တော်မူ၏။ . . . .အကယ်စင်စစ် မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှမဖုံးနိုင်ပါ။ညဉ့် သည်နေ့ကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့် အလင်းသ ဘောသည်တူပါ၏။

### ဟေဗြဲသြဝါဒစာ ၄း၁၃

ငါတို့ ကိုစစ် ကြောစီရင် တော်မူ သောသူ ရှေ့ ၌မထင်ရှား သောအရာတစုံတခုမျှမရှိ။ ခပ်သိမ်း သောအရာတို့ သည်အကွယ် အကာမရှိဘဲမျက်မှောက်တော်၌လှန်ထားလျက်ရှိကြ၏။

## အတွက်ထာဝရအပြစ်ဒဏ်

**ရှင်မဿဲခရစ်ဝင် ၁၃း၄၁–၄၂**

လူသား သည်မိမိ ကောင်း ကင်တမန်တို့ ကို စေလွှတ် ပြီး လျှင်၊ မှား ယွင်း စေ သောသူတို့ နှင့်မတရား သောအမှုကိုပြု သောသူရှိသမျှ တို့ ကိုနိုင်ငံတော်ထဲ က ရွေး နုတ်၍ ငိုကြွေး ခြင်း၊အံသွား ခဲ ကြိတ်ခြင်း ရှိရာမီးဖို၌ချကြလတ္တံ့။

**ဆာလံကျမ်း ၉း၁၇**

မတရား သောသူတို့ နှင့်ဘုရား သခင်ကို မေ့ လျော့ သောအမျိုး သား အပေါင်း တို့ သည်မရဏာနိုင်ငံသို့ နှင် ခြင်း ကိုခံရ ကြလိမ့်မည်။

**ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃း၇**

ယခုရှိ သောမိုး ကောင်း ကင်နှင့် မြေ ကြီး ဟူမူကား၊ တရား ဆုံး ဖြတ်၍ အဓမ္မလူတို့ ကိုဖျက်စီး သော နေ့ ရက်တိုင် အောင်၊ ထိုနှုတ် ကပတ် တော်အား ဖြင့်သိုထား လျက်ရှိ၍ မီး ရှို့ ခြင်း အလို့ ငှာ နေရစ် သယည်း။

**သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၁း၁၀(၉)**

....ထိုသူတို့ သည် သခင်ဘုရား၏ မျက်နှာတော်နှင့်၎င်း၊ တန်ခိုး ရှိ သောဘုန်း တော်နှင့်၎င်း ကွာ၍ ထာဝရပျက်စီး ခြင်း တည်း ဟူသောအပြစ်ဒဏ်ကိုခံရကြလတ္တံ့။

**ရှင်မဿဲခရစ်ဝင် ၂၅း၄၆**

ထိုသူတို့ သည်ထာဝရအပြစ်ဒဏ်ခံရာသို့ ၎င်း၊ ဖြောင့်မတ် သော သူတို့ မူကား၊ ထာဝရအသက်ရှင်ရာသို့ ၎င်း သွား ရကြလတ္တံ့ ဟုမိန့် တော်မူ၏။

**တမန်တော်ဝတ္ထု ၁၇း၃၁**

အကြောင်းမူကား၊ ခန့်ထားတော်မူသောသူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့်ညီ လျှော်စွာစစ်ကြောစီရင်မည့် နေ့ရက်ကိုချိန်းချက်တော်မူပြီ။ ထိုသူကို သေခြင်းမှထမြောက်စေတော်မူသောအားဖြင့်ခပ်သိမ်းသောသူတို့အား ယုံလောက်သောသက်သေကိုပြတော်မူပြီ....။

**ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၂း၉–၁၀**

ဘုရားဝတ်၌မွေ့လျော်သောသူတို့ကိုစုံစမ်းနှောင့်ယှက်ခြင်းအထဲ ကကယ်နှုတ်ခြင်းငှာ၄င်း၊ မတရားသောသူတို့ကိုဒဏ်ခံစေမည်အကြောင်း ....တရားဆုံးဖြတ်သောနေ့အဖို့ချုပ်ထားခြင်းငှာ၄င်း၊ထာဝရဘုရားသည်တတ်နိုင်တော်မူ၏။

**ဟေဗြဲဩဝါဒစာ ၉း၂၇**

လူသည်တခါတည်းသေ၍ ထို့နောက်မှတရားစီရင်တော်မူခြင်းကိုခံရသကဲ့သို့....။

**ဗျာဒိတ်ကျမ်း ၂၀း၁၂(ခ)**

သေလွန်သောသူတို့သည်မိမိတို့အကျင့်အတိုင်း၊စာစောင်တို့၌ရေးထားချက်များနှင့်အညီတရားစီရင်ခြင်းကိုခံရကြ၏။

**ကောရိန္တုဩဝါဒစာဒုတိယစောင် ၅း၁၀**

အကြောင်းမူကား၊ ငါတို့ရှိသမျှသည်ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်ကောင်းမကောင်းရှိသည့်အတိုင်း၊ အကျိုးအပြစ်ကိုအသီးသီးခံခြင်းငှာ၊ခရစ်တော်၏တရားပလ္လင်ရှေ့၌ပေါ်လာရကြမည်။

**ရောမဩဝါဒစာ ၁၄း၁၂**

သို့ဖြစ်၍ ငါတို့ရှိသမျှသည်ဘုရားသခင်စစ်ကြောတော်မူခြင်းကိုခံရကြမည်။

**ရောမဩဝါဒစာ ၅း၁၅**

သို့ သော်လည်း၊ ပြစ်မှား ခြင်း သဘောနှင့် ကျေး ဇူး တော်သဘောမတူ။ အကြောင်း မူကား၊ လူတယောက်သည် ပြစ်မှား သောအား ဖြင့်လူများ တို့ သည် သေ ခြင်း သို့ ရောက် ကြ၏။ တယောက်သောသူတည်း ဟူသော ယေရှုခရစ်အား ဖြင့်ဘုရား သခင်၏ ကျေး ဇူးတော်နှင့် ကျေး ဇူး တော်၏ အကျိုး သည်လူများ တို့ ၌သာ၍ ကြွယ်ဝပြည့်စုံ၏။

**ရောမဩဝါဒစာ ၉း၁၆**

ထို့ ကြောင့်၊ လိုချင် သောသူသည်တတ်နိုင်သည်မဟုတ်။ ပြေးသောသူသည်လည်း တတ်နိုင်သည်မဟုတ်။ ကျေး ဇူး ပြု တော်မူသောဘုရားသခင်သာလျှင်တတ်နိုင်တော်မူ၏။

**ရှင်ပေတရုဩဝါဒစာပဌမစောင် ၅း၅(ခ)**

. . . . ထောင်လွှား စော်ကား သောသူတို့ ကိုဘုရား သခင်ဆီးတားတော်မူ၏။စိတ်နှိမ့်ချသောသူတို့ အားကျေးဇူးပြုတော်မူ၏။

**ကောရိန္သုဩဝါဒစာဒုတိယစောင် ၈း၉**

အကြောင်း မူကား၊ ငါတို့ သခင် ယေရှုခရစ်သည်စည်း စိမ်ရှိသော်လည်း၊ ဆင်း ရဲ တော်မူ ခြင်း အား ဖြင့်သင်တို့ သည်စည်း စိမ်ရှိစေ ခြင်း ငှာ၊ သင်တို့ အတွက် ကြောင့်ဆင်း ရဲခံတော်မူသော ကျေး ဇူးတော်ကိုသိကြ၏။

**ရောမဩဝါဒစာ ၅း၂၀(ခ)–၂၁**

. . . . သို့ သော်လည်း အပြစ်ပွါး များ သည်အရာမှာ ကျေး ဇူးတော်သာ၍ ကြွယ်ဝ၏။ ထိုသို့ ဖြစ်လျှင်၊ အပြစ်တရား သည် သေ ခြင်းအား ဖြင့်အစိုး ရသည်နည်း တူ၊ ငါတို့ သခင် ယေရှုခရစ်ပြုစု တော်မူ၍ကျေး ဇူး တရား သည်ထာဝရအသက်နှင့်ယှဉ် သော ဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့်အစိုးရလေအံ့ သတည်း။

**ရှင်လုကာခရစ်ဝင် ၁၃း၃**

သာ၍ အ ပြစ်ရှိသည်မဟုတ်။ သင်တို့ ရှိသမျှသည်လည်း နောင်တမရလျှင်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟုငါဆို၏။

**ရှင်မဿဲခရစ်ဝင် ၃း၁-၂**

. . . . ကောင်းကင်နိုင်ငံ တော်သည်တည်လုနီး ပြီ၊ ထို့ ကြောင့် နောင်တရကြလော့ဟု . . . . ဟောလေ၏။

**တမန်တော်ဝတ္ထု ၂း၃၈ ,၃း၁၉-၂၀**

ပေတရုကလည်း၊ သင်တို့ ၏အ ပြစ်ကိုလွှတ် စေ ခြင်း ငှာ၊ နောင်တရ၍ တယောက်မျှမကြွင်း၊ ယေရှုခရစ်၏ နာမဌ်ဝတ္တိဇံကိုခံ ကြလော့။ သို့ ပြုလျှင်သန့် ရှင်း သောဝိညာဉ် တော်တည်း ဟူ သောဆုကျေး ဇူး တော်ကိုခံရ ကြလိမ့်မည် . . . . ဟု ဟော၏။ . . . . ထို့ ကြောင့်ထာဝရဘုရား ထံ တော်မှချမ်း ဧ သောအချိန်ကာလသည် ရောက်လာ၍ . . . . သင်တို့ အ ပြစ်များ ကို ပြေ စေ ခြင်း ငှာ နောင်တရ၍စိတ်ပြောင်းလဲခြင်းသို့ရောက်ကြလော့။

**သုတ္တံကျမ်း ၂၈း၁၃**

မိမိအ ပြစ်ကိုဝှက်ထား သောသူသည်ချမ်း သာမရ။ မိမိအ ပြစ်ကို ဖေါ် ပြဝန်ချ၍ စွန့် ပစ် သောသူမူကား ကရုဏာ တော်ကိုခံရလိမ့်မည်။

**ကောရိန္သုဩဝါဒစာဒုတိယစောင် ၇း၁၀**

အဘယ်သို့ နည်း ဟူမူကား၊ ဘုရား သခင်၏ အလို တော်နှင့်ညီသောဝမ်း နည်း ခြင်း သည်ကယ်တင် ခြင်း နှင့်ယှဉ် သော နောင်တစိတ်တည်း ဟူ သော၊ မ ပြောင်း လဲ နိုင် သော နောင်တစိတ်ကိုပြု ပြင်တတ်၏။လောကီဝမ်းနည်းခြင်းမူကား၊သေခြင်းကိုပြုပြင်တတ်၏။

**ဟေရှာယအနာဂတ္တိကျမ်း ၅၅:၇**

ဆိုး သောသူသည်မိမိလမ်း ကိုင၄င်း၊ မတရား သောသူတို့ သည် မိမိအ ကြံတို့ ကိုင၄င်း၊ စွန့် ပစ်၍ ထာဝရဘုရား ထံ တော်သို့ ပြောင်း လဲ ပါစေ။ သို့ ပြုလျှင်သနား တော်မူလိမ့်မည်။ ငါတို့ ဘုရား သခင့်ထံ တော်သို့ ပြောင်း လဲ ပါစေ။ သို့ ပြုလျှင်အထူး သ ဖြင့်အ ပြစ်ကိုလွှတ် တော်မူလိမ့်မည်။

**ရှင်မဿဲခရစ်ဝင် ၆:၁၄**

သင်တို့ သည်သူတပ ါး တို့ ၏အ ပြစ်ကိုလွှတ်လျှင်၊ ကောင်း ကင် ဘုံ၌ရှိ တော်မူ သောသင်တို့ အဘသည်သင်တို့ ၏ အ ပြစ်ကိုလွှတ် တော်မူမည်။

**တမန်တော်ဝတ္ထု ၁၃:၃၈ , ၅:၃၁**

. . . . ထိုသခင်၏ ကျေး ဇူး တော် ကြောင့်အ ပြစ်လွှတ် ခြင်း တ ရား ကိုသင်တို့ အား ဟော ကြား သည်ကိုင၄င်း . . . . ဣသ ရေလ လူတို့ အား နောင်တတရား နှင့်အ ပြစ်လွှတ် ခြင်း တရား ကိုအခွင့် ပေး စေ ခြင်း ငှာ၊ ထိုသူကိုအစိုး ရ သောအရှင်အရာ၌င၄င်း၊ ကယ်တင် သောသခင်အရာ၌င၄င်း၊ ဘုရား သခင်ခန့် ထား ၍ မိမိလက်ျာလက် တော်နှင့်ချီး မြှင့်တော်မူပြီ။

**ဗျာဒိတ်ကျမ်း ၃:၂၀**

ငါသည်တံခါး ရှေ့ မှာရပ်၍ ခေါက်လျှက် နေ၏။ အ ကြင်သူ သည်ငါ၏ အသံကို ကြား ၍ တံခါး ကိုဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စား သောက်ရလိမ့်မည်။

**တိတုဩဝါဒစာ ၂း၁၃**

. . . ဘုရား မဲ့ တရား မဲ့ နေ ခြင်း၊ လောကီတပ်မက် ခြင်း ကို ပယ်ရှား လျှက်၊ ယခုဘဝ၌ကျ ခြော စောင့် ခြင်း၊ တရား သ ဖြင့်ကျင့် ခြင်း၊ ဘုရား ဝတ်၌ မွေ့ လျှော် ခြင်း တို့ ကိုပြု နေရမည်အကြောင်း၊ ငါတို့ ကိုဆုံး မသွန်သင်၍၊ လူအပေါင်း တို့ ကိုကယ်တင်တတ် သောဘုရား သခင်၏ကျေးဇူးတော်သည်ထင်ရှားပေါ် ထွန်းလျှက်ရှိ၏။

**ကောလောသဲဩဝါဒစာ ၃း၂**

မြေ ကြီး ပေါ် မှာရှိ သောအရာတို့ ကိုစွဲ လန်း သောစိတ်မရှိ ကြနှင့်။ အထက်အရာတို့ ကိုသာစွဲလန်းခြင်းရှိကြလော့။

**ဧဖက်ဩဝါဒစာ ၅း၁၁**

အကျိုး မဲ့ သော မှောင်မိုက်အမှုတို့ နှင့်မဆက်ဆံသည်သာမက၊ ထိုအမှုတို့၏အပြစ်ကိုပြကြလော့။

**ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၂း၁၅-၁၆**

လောကကိုငှင်း၊ လောက၌ရှိ သောအရာတို့ ကိုငှင်း၊ မချစ် ကြ နှင့်။ လောကကိုချစ် သောသူမည်သည်ကား၊ ခမည်း တော်ကိုချစ် ခြင်း မေတ္တာမရှိ။ လောက၌ရှိသမျှ သောအရာတည်း ဟူ သောကိုယ်ကာ ယတပ်မက် ခြင်း၊ မျက် စေ့ တပ်မက် ခြင်း၊ လောကီစည်း စိမ်၌ဝါကြွား ခြင်း တို့ သည်ခမည်း တော်နှင့်မစပ်ဆိုင်၊ လောကနှင့်သာစပ်ဆိုင် ကြ၏။

**ရှင်ယာကုပ်ဩဝါဒစာ ၄း၄**

မတရား သော မေထုန်၌မှီဝဲ သော ယောကျာ်း မိန်း မတို့၊ လော ကမိတ်သဟာယသည်ဘုရား သခင်နှင့်ဆန့် ကျင်ဘက် ဖြစ်သည်ကို မသိ ကြသ လော။ ဤ လောကနှင့်မိတ်သဟာယဖွဲ့ လို သောသူသည် ဘုရားသခင်၏ရန်သူဖြစ်၏။

### ယေဇကျေလအနာဂတ္တိကျမ်း ၃၆း၂၆
စိတ်နှလုံး သစ်ကိုငါ ပေး မည်။ သ ဘောသစ်ကိုသွင်း ထား မည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကို ပေးမည်။

### ကောရိန္သုဩဝါဒစာဒုတိယစောင် ၅း၁၇
လူမည်သည်ကား ခရစ် တော်၌ရှိလျှင်အသစ်ပြု ပြင် သောသတ္တဝါဖြစ်၏။ ဟောင်း သောအရာတို့သည်ပြောင်းလဲ၍ခပ်သိမ်း သော အရာတို့သည်အသစ်ဖြစ်ကြပြီ။

### ရှင်ယောဟန်ခရစ်ဝင် ၃း၃
ယေရှုကဒုတိယ မွေး ခြင်း ကိုမခံ သောသူမည်သည်ကား၊ ဘုရား သခင်၏ နိုင်ငံ တော်ကိုမ မြင်ရဟုငါအမှန်အကန်ဆိုသည်ဟု ပြန်၍ မိန့်တော်မူ၏။

### ကောရိန္သုဩဝါဒစာပဌမစောင် ၆း၁၁(ခ)
. . . . ယခုတွင်သခင် ယေရှု၏ နာမ တော်အား ဖြင့်၎င်း၊ ငါတို့ဘုရား သခင်၏ဝိညာဉ် တော်အား ဖြင့်၎င်း၊ ဆေး ကြောသန့် ရှင်း၍ ဖြောင့်မတ်ရာသို့ရောက်ကြပြီ။

### ရှင်ပေတရုဩဝါဒစာပဌမစောင် ၁း၂၂-၂၃
သင်တို့ သည် ဖေါက်ပြန်ပျက်စီး တတ် သောမျိုး စေ့ အား ဖြင့် ဖြစ်ပွါးသည်မဟုတ်၊ မဖေါက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်း ဟူ သောအသက်ရှင်၍ အစဉ်အမြဲ တည် တော်မူ သောဘုရား သခင်၏နှုတ်ကပတ်တော်အားဖြင့်ဖြစ်ပွါးသောကြောင့် . . . .။

## (29) အပြစ်တရား၌သေ၍–ခရစ်တော် 

## အားဖြင့်ထမြောက်ခြင်း

**ရှင်ပေတရုဩဝါဒစာပဌမစောင် ၂း၂၄**

ငါတို့သည်အပြစ်နှင့်ဆိုင်သောအရာ၌အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌အသက်ရှင်စေမည့်အကြောင်း၊ ငါတို့အပြစ်များကိုကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့်သင်တို့သည်အနာပျောက်လျက်ရှိကြ၏။

**ကောလောသဲဩဝါဒစာ ၃း၁–၃**

အထက်ကဆိုခဲ့ပြီးသည့်အတိုင်း၊ သင်တို့သည်ခရစ်တော်နှင့်အတူထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏ လက်ျာတော်ဘက်မှာခရစ်တော်သည်ထိုင်နေတော်မူရာအရပ်၌ရှိသောအထက်အရာတို့ကိုရှာကြလော့။ မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာစိတ်စွဲလမ်းခြင်းရှိကြလော့။ အကြောင်းမူကား သင်တို့သည်သေသောသူဖြစ်၍ သင်တို့အသက်သည်ခရစ်တော်နှင့်အတူဘုရားသခင်၌ဝှက်ထားလျက်ရှိ၏။

**ရောမဩဝါဒစာ ၆း၂,၁၁**

အပြစ်တရား၌စုတေသောသူတို့သည်ထိုတရား၌အဘယ်သို့ရှင်ရဦးမည်နည်း။ ....ထိုနည်းတူသင်တို့သည်အပြစ်တရားနှင့်ဆိုင်သောအရာ၌ကား အသေဖြစ်သည်ဟူ၍ ၎င်း၊ ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား ငါတို့သခင်ယေရှုခရစ်အားဖြင့်အသက်ရှင်သည်ဟူ၍၎င်းကိုယ်ကိုကိုယ်ထင်မှတ်ကြလော့။

## ဂလာတိဩဝါဒစာ ၆း၈

မိမိဇာတိပကတိ၌မျိုး စေ့ ကြဲ သောသူသည်ဇာတိပကတိအား ဖြင့်ပုတ်ပျက် ခြင်း အသီး အနှံကိုရိတ်ရလိမ့်မည်။ ဝိညာဉ်ပကတိ၌မျိုး စေ့ ကြဲ သောသူသည်ဝိညာဉ်ပကတိအား ဖြင့်ထာဝရအသက်ရှင် ခြင်းအသီးအနှံကိုရိတ်ရလိမ့်မည်။

## ရှင်ယောဟန်ခရစ်ဝင် ၁၇း၃

ထာဝရအသက်ဟူမူကား၊ မှန် သောဘုရား သခင်တဆူတည်း ဖြစ် တော်မူ သောကိုယ် တော်ကိုငှင်း၊ စေလွှတ် တော်မူ သော ယေရှုခရစ်ကိုငှင်းသိကျွမ်းခြင်းတည်း။

## ရှင်ယောဟန်ခရစ်ဝင် ၃း၃၆

သား တော်ကိုယုံ ကြည် သောသူသည်ထာဝရအသက်ကိုရ၏။ သား တော်ကိုပယ် သောသူမူကား အသက်ကိုမ တွေ့ ရ။ ထိုသူ၏ အ ပေါ် ၌ဘုရား သခင်၏ အမျက် တော်တည် နေသည်ဟု ယောဟန် ဟောလေသည်။

## ရောမဩဝါဒစာ ၆း၂၃

အပြစ်တရား ၏အခကား သေခြင်း ပေတည်း။ ဘုရား သခင် ပေး တော်မူ သောဆု ကျေး ဇူး တော်ကား၊ ငါတို့ သခင် ယေရှုခရစ်အား ဖြင့်ထာဝရအသက်ပေတည်း။

## ရှင်ယောဟန်ခရစ်ဝင် ၅း၂၄

ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ စကား ကိုနား ထောင်၍ ငါ့ ကို စေလွှတ် တော်မူ သောသူကိုယုံ ကြည် သောသူသည်ထာဝရအသက် ကိုရသည် ဖြစ်၍ အပြစ်စီရင် ခြင်း ကိုမခံရ။ သေ ခြင်း မှအသက်ရှင် ခြင်း သို့ ကူးပြောင်းသောသူဖြစ်၏။

**ရောမသြဝါဒစာ ၈:၁၆**

ငါတို့ သည်ဘုရား သခင်၏ သား ဖြစ် ကြသည်ဟုဝိညာဉ် တော်သည်ငါတို့၏ဝိညာဉ်နှင့်အတူသက်သေခံတော်မူ၏။

**ရှင်ယောဟန်သြဝါဒစာပဌမစောင် ၅:၁၂-၁၃**

သား တော်ကိုရ သောသူသည်အသက်ကိုရ၏။ ဘုရား သခင်၏ သား တော်ကိုမရ သောသူဟူမူကား အသက်ကိုမရ။ ဘုရား သခင်၏ သား တော်ကိုယုံ ကြည် သောသင်တို့ သည်ထာဝရအသက်ကိုကိုယ် တိုင်ရသည်ဟုသိ စေ ခြင်း ငှာ၊ ဤအရာများ ကိုသင်တို့ အား ငါ ရေး ၍ပေးလိုက်၏။

**ရှင်ယောဟန်သြဝါဒစာ ၁၄:၂၁**

ငါ့ ပညတ်တို့ ရ၍ စောင့် ရှောက် သောသူသည်ငါ့ ကိုချစ် သောသူ ဖြစ်၏။ ငါ့ ကိုချစ် သောသူကိုငါ့ ခမည်း တော်သည်ချစ် တော်မူမည်။ ငါသည်လည်း ထိုသူကိုချစ်၍ သူ့ အား ကိုယ်တိုင်ထင် ရှားမည်ဟုမိန့်တော်မူ၏။

**ဂလာတိသြဝါဒစာ ၄:၆**

ထိုသို့ သင်တို့ သည်သား ဖြစ် သော ကြောင့်၊ အဗ္ဗအဘဟု ခေါ် တတ် သောသား တော်၏ ဝိညာဉ် တော်ကိုသင်တို့ စိတ်နှလုံး ထဲ သို့ ဘုရားသခင်စေလွှတ်တော်မူ၏။

**ရှင်ယောဟန်သြဝါဒစာပဌမစောင် ၄:၁၃**

ဘုရား သခင်သည်ဝိညာဉ် တော်၏ ကျေးဇူး ကိုငါတို့ အား ပေး တော်မူ သော ကြောင့်ငါတို့ သည်ဘုရား သခင်၌တည်သည်ကိုငှင်း၊ ဘုရားသခင်သည်ငါတို့၌တည်တော်မူသည်ကိုငှင်းသိရကြ၏။

# ကျွန်ုပ်တို့ထဲ၌ကျိန်းဝပ်တော်မူသော ခရစ်တော်သည်ဝမ်းမြောက်ခြင်းကိုပေးသည်။



**ရှင်ယောဟန်ခရစ်ဝင် ၁၇း၁၃**

ယခုတွင်အကျွန်ုပ်သည်ကိုယ် တော့်ထံသို့ သွား ရမည် ဖြစ်၍၊ ဤသူတို့ သည်အကျွန်ုပ်ကိုအမှီပြုသ ဖြင့်ဝမ်း မြောက် ခြင်း နှင့် ပြည့်စုံမည်အကြောင်း၊ဤစကားကိုဤလောက၌အကျွန်ုပ်ပြောပါ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁၆း၂၂(ခ)**

. . . . နောက်တဖန်သင်တို့ ကိုငါ တွေ့ မြင်သ ဖြင့်သင်တို့ သည်စိတ်နှလုံး ဝမ်း မြောက် ခြင်း ရှိကြလိမ့်မည်။ ထိုဝမ်း မြောက် ခြင်း ကိုအဘယ်သူမျှလုယူဖျက်စီးခြင်းငှာမတတ်နိုင်။

**ဟေရှာယအနာဂတ္တိကျမ်း ၁၂း၃**

သင်တို့ သည်ဝမ်း မြောက် သောစိတ်နှင့်၊ ကယ်တင် ခြင်း စမ်းရေတွင်းတို့၌ရေခပ်ရကြလိမ့်မည်။

**ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၁**

သင်တို့ ၌ငါ့ဝမ်း မြောက်စရာအကြောင်း တည် စေ ခြင်း ငှာ ငှင်း၊ သင်တို့ ဝမ်း မြောက်စရာအကြောင်း စုံလင် စေခြင်း ငှာငှင်း၊ ဤစကားကိုသင်တို့ အားငါဟောပြော၏။

**ဆာလံကျမ်း ၁၆း၁၁**

အသက်ရှင် ခြင်း လမ်း ကိုပြသနိ တော်မူလိမ့်မည်။ အထံ တော်၌စုံလင် သောဝမ်း မြောက်ခြင်းအခွင့်နှင့်လကျာ တော်နား မှာအစဉ်အမြဲ ပျော်မွေ့ခြင်းအခွင့်ရှိပါ၏။

**မဿဲဧဝံဂေလိဝင်ပဋ္ဌမစောင် ၁၂း၁၅**

သို့ မဟုတ်ထာဝရဘုရား ၏ စကား ကိုနား မ ထောင်၊ အာဏာ တော်ကိုဆန်လျှင်၊ ထာဝရဘုရား ၏ လက် တော်သည်ဘိုး ဘေး တို့ ကိုဆီးတားသကဲ့သို့သင်တို့ကိုဆီးတားတော်မူလိမ့်မည်။

**ရောမသြဝါဒစာ ၄း၁၄**

အ ကြင်သူ၏ အထံ၌အစေခံကျွန် ဖြစ် စေ ခြင်း ငှာသင်တို့ ဝင်၍ အစေခံ၏။ ထိုသူသည် သေ ခြင်း နှင့်ယှဉ် သောအ ပြစ်တရား ဖြစ် စေ၊ ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့်ယှဉ်သောနား ထောင်ခြင်းတရား ဖြစ်စေ၊သင်တို့၏သခင်ဖြစ်သည်ကိုမသိကြသလော။

**သက်သာလောနိတ်သြဝါဒစာဒုတိယစောင် ၁း၇–၉**

သခင် ယေရှုသည်တန်ခိုး ရှိ သော ကောင်း ကင်တမန်တို့ နှင့်အ တူ၊ ကောင်း ကင်ဘုံက ပေါ် ထွန်း တော်မူ၍၊ ဘုရား သခင်ကိုမသိ သောသူ၊ ငါတို့ သခင် ယေရှု၏ ဧဝံ ဂေလိတရား ကိုနား မ ထောင် သောသူတို့ ကို၊ မီး လျှံအား ဖြင့်ဒဏ် ပေး တော်မူ သောအခါ . . . . ဆင်း ရဲ ခံရဘူး သောသင်တို့ ၌ငါတို့ နှင့်အတူချမ်း သာ ခြင်း ကိုငှင်း၊ ဘုရားသခင်ဆပ်ပေး၍တရားစီရင်တော်မူလိမ့်မည်။

**တရားဟောရာကျမ်း ၁၁း၂၆–၂၈**

ယ နေ့ ကောင်း ချီး ပေး ခြင်း နှင့်ကျိန် ခြင်း တည်း ဟူ သော၍ နှစ်ပါးကိုသင်တို့ ရှေ့မှာငါထား၏။ ယနေ့ ငါဆင့်ဆိုသောသင်တို့ ဘုရား သခင်ထာဝရဘုရား ၏ ပညတ် တော်တို့ ကိုနား ထောင်လျှင် မူကား၊ ကောင်း ချီး ပေး ခြင်း၊ သင်တို့ ဘုရား သခင်ထာဝရဘုရား ၏ ပညတ် တော်တို့ ကိုနား မ ထောင် . . . . လျှင်မူကား ကျိန် ခြင်း ကို ငါထား၏။

သည်အလွန်လိုအပ်သည်။

**ဖိလိပ္ပိြဩဝါဒစာ ၂း၁၁**

ယေရှုခရစ်သည်သခင် ဖြစ် တော်မူသည်ဟုနှုတ်နှင့်ဝန်ခံသ ဖြင့်၊ ခမည်း တော်ဘုရား ၏ ဘုန်း အသ ရေ တော်ကိုထင်ရှား စေ ကြမည် အကြောင်းတည်း . . . .။

**ရှင်မဿဲခရစ်ဝင် ၁၀း၃၂-၃၃**

အ ကြင်သူသည်လူတို့ ရှေ့ မှာငါ့ကိုဝန်ခံအံ့ ကောင်း ကင်ဘုံ၌ရှိ သောငါ၏ ခမည်း တော် ရှေ့ မှာထိုသူကိုငါဝန်ခံမည်။ အ ကြင် သူသည်လူတို့ ရှေ့ မှာငါ့ကို ငြင်း ပယ်အံ့၊ ကောင်း ကင်ဘုံ၌ရှိ သောငါ၏ခမည်းတော်ရှေ့မှာထိုသူကိုငါငြင်းပယ်မည်။

**ရောမဩဝါဒစာ ၁၀း၉-၁၀**

အဘယ်သို့ နည်း ဟူမူကား၊ သင်သည်သခင် ယေရှုကိုနှုတ် ဖြင့်ဝန် ခံ၍ ဘုရား သခင်သည်သူ့ ကို သေ ခြင်း မှထ မြောက် စေ တော်မူ ပြီ ဟုစိတ်လုံးထဲ၌ယုံကြည်လျှင်၊ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။

**ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၂း၂၃**

သား တော်ကို ငြင်း ပယ် သောသူမည်သည်ကား၊ ခမည်း တော် ကိုမသိ။ သား တော်ကိုဝန်ခံ သောသူမည်သည်ကား ခမည်း တော်ကို သိ၏။

**ရှင်လုကာခရစ်ဝင် ၉း၂၆**

အ ကြင်သူသည်ငါ့ကိုငှင်း။ ငါ့စကား ကိုငှင်း၊ ရှက်၏။ လူသား (ခရစ် တော်)သည်မိမိဘုန်း၊ မိမိအဘခမည်း တော်၏ ဘုန်း၊ သန့် ရှင်း သော ကောင်း ကင်တမန်တို့ ၏ ဘုန်း ကို ဆောင်လျက်ကြွလာ သော အခါထိုသူကိုရှက်တော်မူလတ္တံ့။

**ရှင်ပေတရုသြဝါဒစာပဌမစောင် ၅:၈**

သမ္မာသတိရှိလျှက်မအိပ်ဘဲ စောင့်နေ ကြ လော့။ သင်တို့၏ ရန်သူတည်း ဟူ သောမာရ်နတ်သည် ဟောက် သော ခြ သေ့ ကဲ့ သို့ အဘယ်သူကိုမျိုရမည်နည်းဟူ၍လှည့်လည်ရှာဖွေလျှက်ရှိ၏။

**သက်သာလောနိတ်သြဝါဒစာဒုတိယစောင် ၂:၉**

ထိုအဓမ္မလူ၏ လာ ခြင်း အကြောင်း ဟူမူကား၊ စာတန်ပြု ပြင်သောအား ဖြင့်မုသာနှင့်စပ်ဆိုင် သောထူး ဆန်း သောတန်ခိုး၊ နိမိတ်လက္ခဏာ၊အံ့ဖွယ်သောအမှုအမျိုးမျိုးနှင့်(လာလိမ့်မည်)။

**ရှင်မဿဲခရစ်ဝင် ၄:၁,၁၀**

ထိုအခါမာရ်နတ်၏ စုံစမ်း သွေး ဆောင် ခြင်း ကိုခံ စေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ ဆောင် တော်မူ၍ .... ယေရှုကလည်း –အချင်း စာတန်၊ ငါ့နောက်သို့ ဆုတ် လော့။ သင်၏ ဘုရား သခင်ထာဝရဘုရား ကိုကိုး ကွယ်ရမည်။ ထိုဘုရားသခင်ကိုသာဝတ်ပြုရမည်ကျမ်း စာလာသည်ဟုမိန့် တော်မူ၏။ ထိုအခါမာရ်နတ်သည်အထံ တော်မှထွက်သွား ၍ ကောင်း ကင်တမန်တော်တို့သည်ချဉ်းကပ်လျှက်လုပ်ကျွေးကြ၏။

**ဖေက်သြဝါဒစာ ၄:၁၀–၁၁**

ကြွင်း သေး သောစကား ဟူမူကား၊ ညီအစ်ကိုတို့၊ သခင်ဘုရားအား ဖြင့်၄င်း၊ တန်ခိုး တော်အရှိန်အား ဖြင့်၄င်း၊ ခိုင်ခံ့ ခြင်း ရှိကြလော့။ မာရ်နတ်၏ ပရိယာယ်တို့ ကိုဆီး တား နိုင်မည်အကြောင်း၊ ဘုရား သခင် ပြင်ဆင် တော်မူ သောလက်နက်စုံကိုဝတ် ဆောင် ကြလော့။

## ဟေဗြဲသြဝါဒစာ ၂း၁၄-၁၅

ထိုသူငယ်တို့ သည်အသွေး အသား နှင့်ဆက်ဆံ ကြ သော ကြောင့်၊ ခရစ် တော်သည်အသေခံ တော်မူ သောအား ဖြင့်၊ သေ ခြင်း တရား ကိုအစိုး ရ သောသူတည်း ဟူ သောမာရ်နတ်၏ တန်ခိုး ကိုချိုး ဖဲ့ ဖျက်စီး ခြင်း ငှာ . . . .ထိုသူငယ်တို့ ၏ နည်း တူအသွေး အသား ကိုဆောင်ယူတော်မူ၏။

## ရှင်ယောဟန်သြဝါဒစာပဌမစောင် ၃း၈

မာရ်နတ်သည် ရှေး ဦး စွာမှစ၍ ဒုစရိုက်ကိုပြု သောသူ ဖြစ် သော ကြောင့်၊ အ ကြင်သူသည်ဒုစရိုက်ကိုပြု၏။ ထိုသူသည်မာရ်နတ်နှင့်ဆိုင်၏။ မာရ်နတ်အမှုတို့ ကိုပယ်ဖျက်ခြင်း ငှာ၊ ဘုရား သခင်၏ သား တော်သည်ထင်ရှားပေါ် ထွန်းတော်မူ၏။

## ရောမသြဝါဒစာ ၈း၃၅-၃၇

ခရစ် တော်၏ ချစ် ခြင်း မေတ္တာနှင့်ငါတို့ ကိုအဘယ်သူကွာ စေမည်နည်း။ အကယ်စင်စစ် . . . .ဆင်း ရဲ ငြိုငြင် ခြင်း၊ ညှင်း ဆဲ နှိပ်စက် ခြင်း၊ မွတ်သိပ် ခြင်း၊ အဝတ်အချည်း စည်း ရှိ ခြင်း၊ ဘေး နှင့် တွေ့ ကြုံ ခြင်း၊ ကွပ်မျက် ခြင်း ကိုခံရ သော်လည်း၊ ထိုအမှုတို့ တွင်အဘယ်အမှု တို့ သည်ခရစ် တော်၏ ချစ် ခြင်း မေတ္တာ တော်နှင့်ငါတို့ ကိုကွာ စေမည်နည်း။

## ရှင်ယာကုပ်သြဝါဒစာ ၄း၇-၈(က)

ထို့ ကြောင့်၊ဘုရား သခင်၏အလိုတော်သို့ လိုက်ကြလော့။ မာရ်နတ်ကိုဆီး တား ကြ လော့။ သို့ ပြုလျှင်သူသည်သင်တို့ ထံက ပြေး သွား လိမ့်မည်။ ဘုရား သခင်၌ချည်း ကပ် ကြ လော့။ သို့ ပြုလျှင်သင်တို့ ၌ချည်းကပ်တော်မူလိမ့်မည်။

# မေတ္တာ၊တပည့်တော်များ
# ကိုစစ်ဆေးစုံစမ်းသည့်အရာ



## ကောရိန္သုသြဝါဒစာပဌမစောင် ၁၃း၁

ငါသည်လူဘာသာစကား ကိုငှင်း၊ ကောင်း ကင်တမန်ဘာသာ စကား ကိုငှင်း ပြောနိုင် သော်လည်း၊ မေတ္တာမရှိလျှင်၊ အသံမည် သော တံပိုး ခရာကဲ့ သို့ ငှင်း၊ တီး သံကိုသာ ပေး တတ် သောလင်း ကွင်း ကဲ့ သို့ငှင်းဖြစ်၏။

## ဂလာတိသြဝါဒစာ ၅း၂၂-၂၃(က)

ဝိညာဉ်ပကတိ၏ အကျိုး မူကား၊ ချစ်ခြင်း၊ ဝမ်း မြောက် ခြင်း၊ ငြိမ် သက် ခြင်း၊ စိတ်ရှည် ခြင်း၊ ကျေး ဇူး ပြု ခြင်း၊ ကောင်း မြတ် ခြင်း၊ သစ္စာ စောင့်ခြင်း၊နူးညံ့သိမ်မွေ့ခြင်း၊ကာမဂုဏ်ချုပ်တီးခြင်းပေတည်း။

## ရှင်ယောဟန်ခရစ်ဝင် ၂၁း၁၄

တဖန် ယေရှုက– ယောန၏ သား ရှိမုန်၊ သင်သည်ငါ့ ကိုချစ်သ လောဟုဒုတိယအ ကြိမ် မေး တော်မူလျှင်၊ ဟုတ်ပါ၏ သခင်၊ ကိုယ် တော်ကိုအကျွန်ုပ်ချစ်သည်ကိုကိုယ် တော်သိ တော်မူ၏ ဟု လျှောက် သော်၊ငါ၏သိုးတို့ကိုထိန်းလော့ဟုမိန့်တော်မူ၏။

## ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၅

ငါ့ကိုချစ်လျှင်ငါ့ပညတ်တို့ကိုစောင့်ရှောက်ကြလော့။

## ရှင်ယောဟန်သြဝါဒစာပဌမစောင် ၄း၂၀

တစုံတယောက် သောသူက၊ ငါသည်ဘုရား သခင်ကိုချစ်၏ ဟု ဆိုလျက်ပင်၊ မိမိညီအစ်ကိုကိုမုန်း လျှင်၊ ထိုသူသည်မုသာကိုသုံး သော သူ ဖြစ်၏။ မိမိမြင်ရသောမိမိညီအစ်ကိုကိုမချစ်လျှင်၊မမြင် သေး သော ဘုရားသခင်ကိုအဘယ်သို့ချစ်နိုင်မည်နည်း။

## တမန်တော်ဝတ္ထု ၁၀း၃၉-၄၁

ငါတို့သည်လည်း၊ ယေရုရှလင်မြို့မှစ၍ ယုဒပြည်တွင်ပြုတော်မူသောအမှုများတို့၏သက်သေခံဖြစ်ကြ၏။ ထိုသူကိုသစ်တိုင်၌ဆွဲ၍ ကွပ်မျက်ကြလေ၏။ သုံးရက်မြောက်သောနေ့၌ဘုရားသခင်သည် ထမြောက်စေတော်မူ၍၊ လူအပေါင်းတို့အားထင်ရှားစွာပြတော်မမူ။ ဘုရားသခင်ခန့်ထားတော်မူနှင့်သောသက်သေခံတည်းဟူသောငါတို့အားထင်ရှားစွာပြတော်မူ၏။ သေခြင်းမှထမြောက်တော်မူသည့်နောက်၊ ထိုသခင်နှင့်အတူငါတို့သည်စားသောက်ရကြ၏။

## ရှင်မာကုခရစ်ဝင် ၁၆း၉

ကိုယ်တော်သည်ခုနှစ်ရက်တွင်ပဌမနေ့ရက်စောစောအချိန်၌ ထမြောက်ပြီးမှအထက်ကနတ်ဆိုးခုနှစ်ယောက်ကိုနှင်ထုတ်တော်မူသောမာဂဒလမာရိအားရှေးဦးစွာကိုယ်ကိုပြတော်မူ၏။

## ရှင်ယောဟန်ခရစ်ဝင် ၂၀း၂၆-၂၈

ထို့နောက်ရှစ်ရက်မြောက်သောနေ့၌တပည့်တော်တို့သည် တဖန်အထဲမှာရှိကြ၍ သောမလည်းပါ၏။ တံခါးများကိုပိတ်ထားစဉ်အခါ၊ ယေရှုသည်ကြွလာ၍၊ အလယ်မှာရပ်တော်မူလျက် သင်တို့၌ငြိမ်သက်ခြင်းရှိစေသတည်းဟုမိန့်တော်မူ၏။ ထိုအခါ သောမအား၊ သင်၏လက်ညှိုးကိုဆန့်၍ငါ့လက်ကိုကြည့်လော့။ သင်၏လက်ကိုဆန့်၍ငါ့နံဘေးကိုစမ်းသပ်လော့။ ယုံမှားခြင်း မရှိနှင့်။ ယုံလော့ဟုမိန့်တော်မူ၏။ သောမကလည်း၊ အကျွန်ုပ်၏ အရှင်၊အကျွန်ုပ်၏ဘုရားသခင်ပါတကားဟုပြန်၍လျှောက်၏။

(39) **ရှင်ပြန်ထမြောက်ခြင်း၊ကျွန်ုပ်တို့၏** ၃၉

## ဘုန်းတော်နှင့်ပြည့်စုံသောမျှော်လင့်ခြင်း

### ရှင်ယောဟန်ခရစ်ဝင် ၅း၂၅ ၊ ၂၈-၂၉

ငါအမှန်အကန် ဆိုသည်ကား၊ သေလွန်သော သူတို့သည် ဘုရား သခင်သား တော်၏ စကား သံကို ကြား ၍၊ ကြား သောအား ဖြင့်အသက်ရှင်ရမည့်အချိန်ကာလသည်လာ၍ ယခုပင် ရောက်လျှက် ရှိ၏။ . . . . ဤအမှုအရာကိုအံ့ သြခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာ ရှိ သောသူအပေါင်း တို့ သည်သား တော်၏ စကား သံကို ကြား ၍ ထွက်ရမည့်အချိန်ကာလ ရောက်လတ္တံ့။ ကောင်း သောအကျင့်ကို ကျင့် သောသူတို့ သည်အသက်ရှင်ရာထ မြောက် ခြင်း သို့ ၄င်း၊ ဆိုး ယုတ် သောအကျင့်ကိုကျင့် သောသူတို့ သည်အ ပြစ်စီရင်ရာထ မြောက်ခြင်းသို့၄င်းထွက်ရကြလတ္တံ့။

### ရောမသြဝါဒစာ ၆း၃-၅

ယေရှုခရစ်၌ဗတ္တိဇံကိုခံ သောသူရှိသမျှတို့ သည်အသေခံ တော် မူ ခြင်း ၌ဗတ္တိဇံကိုခံကြသည်ဟုသင်တို့ မသိကြသ လော။ ထို့ ကြောင့် အသေခံတော်မူခြင်း ၌ဗတ္တိဇံကိုခံသောအား ဖြင့်၊ ထိုသခင်နှင့်အတူသ င်္ဂြိုလ် ခြင်း ကိုခံ ကြ၏။ အကြောင်း မူကား၊ ခရစ် တော်သည်ဘုန်း တန် ခိုး အား ဖြင့် သေ ခြင်း မှထ မြောက် တော်မူသည့်နည်း တူ၊ ငါတို့ သည် လည်း အသစ် သောအသက်၌ကျင်လည်ရ ကြသနည်း။ တနည်း ကား၊ အသေခံ တော်မူ ခြင်း ၏ ပုံသဏ္ဌာန်ကို ဆောင်၍၊ ထိုသခင်နှင့်အတူငါ တို့ သည်စိုက်ပျိုး လျှက်ရှိသည်မှန်လျှင်၊ ထ မြောက် တော်မူ ခြင်း ၏ ပုံ သဏ္ဌာန်ကိုဆောင်၍စိုက်ပျိုးလျှက်ရှိကြလိမ့်မည်။

# မျက်မှောက်တော်၌စင်ကြယ်သန့်ရှင်းခြင်း

### ရှင်လုကာခရစ်ဝင် ၁း၇၄-၇၅

....ငါတို့ သည်ရန်သူ ဘေး နှင့်ကင်း လွတ်၍ ဘုရား သခင် ရှေ့ တော်၌တသက်လုံး သန့် ရှင်း ဖြောင့်မတ် ခြင်း ပါရမီအား ဖြင့် ဘုရား ဝတ်ကိုရဲ ရင့်စွာပြုရ သောအခွင့်ကို ပေး မည်ဟု( ဗျာဒိတ်ထား တော်မူ၏။)

### ကောရိန္သုဩဝါဒစာဒုတိယစောင် ၇း၁

ထို့ ကြောင့်ချစ်သူတို့၊ ထိုကတိ တော်များ နှင့်ငါတို့ သည်ဆိုင် ကြသည် ဖြစ်၍ ကိုယ်ခန္ဓာ၏ အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ် အကြေး ရှိသမျှတို့ နှင့်ကိုယ်ကိုကိုယ်ကင်း စင် စေလျက်၊ ဘုရား သခင် ကိုကြောက်ရွံ့၍သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့။

### ရှင်မဿဲခရစ်ဝင် ၃း၁၁

ငါသည် နောင်တအဖို့ အလို့ ငှာသင်တို့ ကို ရေနှင့်ဗတ္တိဇံ ပေး၏။ ငါ့ နောက်ကြွလာ သောသူသည်ငါ့ ထက်တတ်စွမ်း နိုင်၏။ ထိုသူ၏ခြေနင်း တော်ကိုမျှ ဆောင်ခြင်းငှာငါမထိုက်။ ထိုသူသည်သန့် ရှင်း သောဝိညာဉ်တော်နှင့်၄င်း၊မီးနှင့်၄င်း၊သင်တို့ကိုဗတ္တိဇံပေးမည်။

### တိမောသေဩဝါဒစာဒုတိယစောင် ၂း၂၁

သို့ ဖြစ်၍၊အထက်ဆိုခဲ့ ပြီး သောအကျင့်တို့ ကိုပယ်၍၊ မိမိကိုစင် ကြယ် စေ သောသူမည်သည်ကား၊ အသ ရေရှိ သောတန်ဆာ၊ သန့် ရှင်း ၍ အိမ်ရှင်သုံး စရာ ကောင်း သောတန်ဆာ၊ ကောင်း သောအမှု များအဖို့ အလို့ ငှာပြင်ဆင်သောတန်ဆာဖြစ်လိမ့်မည်။

### ရှင်ပေတရုဩဝါဒစာပဌမစောင် ၁း၁၅

သင်တို့ ကို ခေါ် တော်မူ သောသူသည်သန့် ရှင်း တော်မူသည့် နည်းတူကျင့်ကြံပြုမူသမျှတို့၌သန့်ရှင်းခြင်းရှိကြလော့။

## မျက်မှောက်တော်၌စင်ကြယ်သန့်ရှင်းခြင်း

**မေက်ဩဝါဒစာ ၁း၃-၄ ၊ ၄း၂၄**

ငါတို့ သည်ဘုရား သခင့် ရှေ့ တော်၌ မေတ္တာအား ဖြင့်သန့် ရှင်း လျက်၊ အ ပြစ်ကင်း လွတ်လျက် ဖြစ်မည်အကြောင်း၊ ဤ ကမ္ဘာမတည်မရှိမီငါတို့ ကိုခရစ် တော်၌ ရွေး ကောက် တော်မူသည် နှင့်အညီ . . . . မှန် သော ဖြောင့်မတ် ခြင်း၊ သန့် ရှင်း ခြင်း ပါရမီ အား ဖြင့်ဘုရား သခင်နှင့်အတူအမျှဖန်ဆင်း သောလူသစ်ကိုယူတင် ဝတ်ဆောင်မည်အကြောင်း . . . .။

**ဟေရှာယအနာဂတ္တိကျမ်း ၃၅း၈**

ထိုအရပ်၌လမ်း မ ကြီး ရှိလိမ့်မည်။ ထိုလမ်း ကိုသန့် ရှင်း ရာလမ်း ဟုသမုတ် ကြလိမ့်မည်။ မစင် ကြယ် သောသူသည်ထိုလမ်း ကိုမ လျှောက်မသွား ရ။ သွား သောသူတို့ နှင့်အတူကိုယ် တော်တိုင်ခရီး သွား လျက်ရှိတော်မူသည် ဖြစ်၍၊ မိုက် သောသူ သော်လည်း လမ်း မလွဲ ရ။

**ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၁း၉**

ကိုယ်အ ပြစ်တို့ ကို ဖေါ် ပြ တောင်း ပန်လျှင်ငါတို့ အ ပြစ်များ ကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်း စင် စေ ခြင်း ငှာဘုရား သခင်သည် သစ္စာတရားနှင့်ငှင်း၊ဖြောင့်မတ်ခြင်းတရားနှင့်ငှင်းပြည့်စုံတော်မူ၏။

**ဟေဗြဲဩဝါဒစာ ၁၂း၁၄**

လူအပေါင်း တို့ သည်အသင့်အတင့် နေ၍ ငြိမ်သက် ခြင်း ကိုငှင်း၊ သန့် ရှင်း ခြင်း ပါရမီကိုငှင်း မှီ အောင်လိုက် လော့။ သန့် ရှင်း ခြင်း ပါရမီမရှိလျှင်အဘယ်သူမျှထာဝရဘုရားကိုမဖူးမမြင်ရ။

**ရှင်လုကာခရစ်ဝင် ၁၁:၁၃**

သင်တို့သည်အဆိုးဖြစ်လျက်ပင်၊ ကိုယ့်သားတို့အား ကောင်းသောအရာကို ပေး တတ်လျှင်၊ ထိုမျှမက ကောင်း ကင်ဘုံ၌ရှိ တော်မူသောသင်တို့ အဘသည်ဆု တောင်း သောသူတို့ အား သန့် ရှင်းသောဝိညာဉ်တော်ကိုသာ၍ပေးတော်မူမည်မဟုတ်လော။

**တမန်တော်ဝတ္ထု ၄:၃၁**

ထိုသို့ ဆု တောင်း ပဌနာပြု ပြီး မှုစု ဝေး သောအရပ်သည်တုန်လှုပ်၍၊ ထိုသူအပေါင်း တို့ သည်သန့် ရှင်း သောဝိညာဉ် တော်နှင့်ပြည့်သ ဖြင့်၊ ဘုရား သခင်၏ နှုတ်ကပတ် တော်တရား ကိုရဲ ရင့်စွာ ဟောပြောကြ၏။

**ယေဇကျေလအနာဂတ္တိကျမ်း ၃၆:၂၇**

ငါ့ဝိညာဉ်ကိုလည်း သင်တို့ အထဲ သို့ သွင်း ပေး သ ဖြင့်သင်တို့ သည်ငါ၏ တရား လမ်း သို့ လိုက်၍ ငါစီရင် တော်မူချက်တို့ ကို စောင့်ရှောက်ကြလိမ့်မည်။

**ရောမဩဝါဒစာ ၈:၉**

သို့ သော်လည်း ဘုရား သခင်၏ ဝိညာဉ် တော်သည်သင်တို့ အထဲ ၌ကျိန်း ဝပ် တော်မူလျှင်၊ သင်တို့ သည်ဇာတိပကတိဘက်၌ရှိကြသည်မဟုတ်။ ဝိညာဉ်ပကတိဘက်၌ရှိကြ၏။ ခရစ် တော်၏ ဝိညာဉ်ကိုမရသောသူမည်သည်ကား ခရစ်တော်နှင့်မဆိုင်။

**တမန်တော်ဝတ္ထု ၁:၈(က)**

ထိုသို့ မရှိ သော်လည်း၊ သင်တို့ အပေါ် သို့ သန့် ရှင်း သောဝိညာဉ် တော်ဆင်း သက် သောအခါသင်တို့ သည်တန်ခိုး ကိုခံရ၍ . . . . ငါ၏သက်သေဖြစ်ကြလိမ့်မည်။

**ဆာလံကျမ်း ၃၄:၁၈**

ထာဝရဘုရား သည်ကျိုး ပဲ့ သောစိတ်ရှိ သောသူတို့ နှင့်နှလုံး ကြေကွဲ သောသူတို့ ကိုနီး တော်မူ၏။ နောင်တစိတ်ရှိ၍ စိတ်နှိမ့်ချ သောသူတို့ကိုလည်းကယ်တင်တော်မူ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၆၆:၂**

ဤအရာအလုံး စုံတို့ သည်ငါကိုယ်တိုင်ဖန်ဆင်း သော ကြောင့် ဖြစ် ကြ၏။ စိတ်နှိမ့်ချ ခြင်း၊ နှလုံး ကြေကွဲ ခြင်း၊ ငါ့စကား ကြောင့်တုန် လှုပ်ခြင်းရှိသောသူကိုသာငါကြည့်ရှုမည်။

**ရှင်မာကုခရစ်ဝင် ၉:၂၃**

ယေရှုကလည်း –သင်သည်ယုံ ကြည်နိုင်သ လော၊ ယုံ ကြည် သောသူ ဖြစ်လျှင်ခပ်သိမ်း သောအမှုတို့ ကိုတတ်နိုင်သည်ဟုမိန့် တော်မူ၏။

**ရှင်ပေတရုဩဝါဒစာပဌမစောင် ၄:၁၂–၁၃**

ချစ်သူတို့၊ သင်တို့ ကိုစုံစမ်း စရာဘို့ ယခုခံရ သောမီး စစ် ခြင်း အရာကိုကား၊ သင်တို့၌အံ့ ဩဖွယ် သောအရာ ဖြစ်သည်ဟုထင်မှတ်၍ အံ့ ဩခြင်း မရှိကြနှင့်။ သင်တို့ သည်ခရစ် တော်၏ဆင်း ရဲကိုဆက်ဆံ ကြသည် ဖြစ်၍၊ ဘုန်း တော် ပေါ် ထွန်း သောအခါအလွန်ဝမ်း မြောက်ရွှင်လန်းမည်အကြောင်း၊ယခုပင်ဝမ်းမြောက်ကြလော့။

**ဗျာဒိတ်ကျမ်း ၂၁:၄**

ဘုရား သခင်သည်သူတို့ ၏ မျက် စေ့ ၌မျက်ရည်ရှိသမျှကိုသုတ် တော်မူမည်။ နောက်တဖန် သေ ဘေး မရှိရ။ စိတ်မသာညည်း တွား ခြင်း၊ အော်ဟစ် ခြင်း၊ ပင်ပမ်း ခြင်း လည်း မရှိရ။ အကြောင်း မူကား၊ ရှေးဖြစ်ဘူးသောအရာတို့သည်ရွှေ့သွားကြပြီ။

**ဟေဗြဲဩဝါဒစာ ၂:၁၈**

ထိုသို့ စုံစမ်း နှောင့်ယှက်ခြင်း ကိုကိုယ်တော်တိုင်ခံ၍ ဆင်းရဲဒုက္ခ ၌ကျင်လည် သော ကြောင့်စုံစမ်း နှောင့်ယှက် ခြင်း အမှုနှင့် တွေ့ ကြုံ သောသူတို့ကိုမစခြင်းငှာတတ်နိုင်တော်မူ၏။

**ရောမဩဝါဒစာ ၁၄:၂၀(က)**

ငြိမ်သက် ခြင်း ၏ အရှင်ဘုရား သခင်သည်မ ကြာမ မြင့်မီစာတန် ကိုသင်တို့ခြေအောက်၌နှိပ်စက်တော်မူမည်။

**ဆာလံကျမ်း ၃၄:၁၉**

ဖြောင့်မတ် သောသူသည်များ စွာ သောဒုက္ခဆင်း ရဲ ကိုခံရ သော် လည်း၊ ထာဝရဘုရား သည်ခပ်သိမ်း သောဒုက္ခဆင်း ရဲ ထဲ ကကယ် လွှတ်တော်မူ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၄၃:၂**

သင်သည် ရေကို လျှောက်သွား သောအခါ၊ သင်နှင့်အတူငါရှိ၏၊ မြစ်တို့ ကို လျှောက်သွား သောအခါမနစ်မမွှမ်း ရ။ မီး ကိုချဉ်း နင်း သောအခါလည်းမလောင်ရ။

**ကောရိန္သုဩဝါဒစာပဌမစောင် ၁၀:၁၃**

လူ၌ ဖြစ်တတ် သောစုံစမ်း နှောင့်ယှက် ခြင်း ကိုသာသင်တို့ သည် ခံရ ကြ၏။ ဘုရား သခင်သည်သစ္စာနှင့် ပြည့်စုံ တော်မူသည် ဖြစ်၍ သင် တို့ မခံနိုင် သောစုံစမ်း နှောင့်ယှက် ခြင်း ကိုသင်တို့ ၌ ရောက်စိမ့် သောငှာ၊ အခွင့် ပေး တော်မမူ။ သင်တို့ သည်ခံနိုင်မည်အကြောင်း၊ စုံ စမ်း နှောင့်ယှက် ခြင်း အရာနှင့်တကွ၊ ထွက် မြောက် သောလမ်း ကို လည်းစီရင်ပြုပြင်တော်မူလိမ့်မည်။

**ဗျာဒိတ်ကျမ်း ၃း၁၂**

အကြင်သူသည် အောင်မြင်၏။ ထိုသူကိုငါသည်ငါ၏ ဘုရားသခင်ဗိမာန်တော်၌တိုင် ဖြစ်စေမည်။ နောက်တဖန်သူသည် ပြင်သို့ မရွေ့ရ။ ငါ၏ ဘုရားသခင့်နာမတော်ကိုင်၄င်း၊ ငါ၏ ဘုရားသခင့် အထံတော်မှထွက်၍ ကောင်းကင်ဘုံမှဆင်းသက်သော ယေရုရှလင်မြို့သစ်တည်းဟူသော၊ ငါ၏ ဘုရားသခင့်မြို့တော်၏ နာမကိုင်၄င်း၊ ငါ၏နာမသစ်ကို၄င်း၊ထိုသူ့အပေါ်၌ငါသည်အက္ခရာတင်မည်။

**ဗျာဒိတ်ကျမ်း ၃း၅**

ထိုသူ၏ နာမကိုအသက်စာ စောင်မှငါသည်အလျှင်း မချေ။ ငါ့ခမည်းတော်ရှေ့၌၄င်း၊ ကောင်းကင်တမန်တို့ ရှေ့၌၄င်း၊သူ၏ နာမကိုငါဝန်ခံမည်။

**ဗျာဒိတ်ကျမ်း ၃း၂၁**

ငါသည်အောင်မြင်၍၊ ခမည်းတော်၏ ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်။

**ဗျာဒိတ်ကျမ်း ၂၁း၇**

အောင်မြင်သောသူသည် ဤအရာတို့ကိုအမွေခံရလိမ့်မည်။ ငါသည်သူ၏ ဘုရားသခင် ဖြစ်မည်။ သူသည်လည်း ငါ၏ သား ဖြစ်လိမ့်မည်။

**ဗျာဒိတ်ကျမ်း ၂း၇**

ဝိညာဉ်တော်သည်အသင်းတော်တို့အား၊ အဘယ်သို့မိန့်တော်မူသည်ကို၊ နားရှိသောသူမည်သည်ကား ကြားပါစေ။ အကြင်သူသည် အောင်မြင်၏။ ထိုသူသည်ငါ၏ ဘုရားသခင်ပရဒိသုဥယျာဉ်၌ရှိသောအသက်ပင်၏အသီးကိုစားစေခြင်းငှာငါအခွင့်ပေးမည်။

**ကောရိန္တုသြဝါဒစာပဌမစောင် ၇း၁၀–၁၁**

ခင်ပွန်း ရှိသောသူတို့ ကိုလည်း၊ ငါ့ ပညတ်သည်သာမက၊ သခင်ဘုရား ပညတ် တော်မူသည်ကား၊ မယား သည်မိမိခင်ပွန်း ကိုမစွန့် ပစ်စေနှင့်။ စွန့် ပစ်လျှင်ခင်ပွန်း မရှိဘဲ နေ စေ။ သို့ မဟုတ်လျှင်၊ ခင်ပွန်းဟောင်း ထံသို့ ပြန်၍အသင့်အတင့် နေ စေ။ ယောကျ်ား သည်လည်း မိမိမယားနှင့်မကွာစေနှင့်။

**ရောမသြဝါဒစာ ၇း၂–၃**

ဥပမာကား၊ လင်ရှိ သောမိန်း မသည်လင်မ သေမီတိုင် အောင် ပညတ်တရား အား ဖြင့်လင်၌ချည် နှောင်လျက်ရှိ၏။ လင် သေလျှင် မူကား လင်ဝတ်နှင့်လွတ်၏။ ထို့ ကြောင့်၊ မိမိလင်မ သေမီအ ခြား သောသူ၏ မယား ဖြစ်လျှင် မျောက်မထား သောမိန်း မဟု ခေါ် ထိုက်၏။လင်သေလျှင်မူကား၊ထိုတရားနှင့်လွတ်သည်ဖြစ်၍....။

**ရှင်လုကာခရစ်ဝင် ၁၆း၁၈**

အ ကြင်သူသည်မိမိမယား နှင့်ကွာ၍ အ ခြား သောမိန်း မနှင့်စုံဘက် ခြင်း ကိုပြု၏။ ထိုသူသည်မိမိမယား ကို ပြစ်မှား ၏။ လင်ကွာ သောမိန်း မနှင့်စုံဘက် ခြင်း ကိုပြု သောသူသည်လည်း သူ့ မယား ကို ပြစ်မှားသည်။

**ရှင်မဿဲခရစ်ဝင် ၅း၃၂**

ငါ့ ပညတ်သည်ကား။ မှား ယွင်း ခြင်း အကြောင်း မှတပါး အ ခြား သောအကြောင်း ဖြင့်၊ မိမိမယား နှင့်ကွာ သောသူသည်မိမိမယား ကိုမှား ယွင်း စေ၏။ ကွာ သောမိန်း မနှင့်စုံဘက် ခြင်း ကိုပြု သောသူသည်လည်းသူ့မယားကိုပြစ်မှား၏။

**ရှင်ယောဟန်ခရစ်ဝင် ၁၄း၃**

ငါသည်သွား ၍ သင်တို့ နေစရာအရပ်ကို ပြင်ဆင် ပြီး မှတဖန် ပြန်လာ၍၊ ငါရှိရာအရပ်၌သင်တို့ ရှိ စေ ခြင်း ငှာသင်တို့ ကိုငါ ထံသို့သိမ်းဆည်းမည်။

**ဗျာဒိတ်ကျမ်း ၃း၁၁**

ငါသည်အလျင်အ မြန်လာမည်။ သင်၏ သရဖူကိုအဘယ်သူမျှ မယူစေခြင်းငှာ၊ရခဲ့ပြီးသောအရာကိုစွဲကိုင်လော့။

**ရှင်မာကုခရစ်ဝင် ၈း၃၈**

မျှောက်မထား သော ဤလူမျိုး ဆိုး တွင်အ ကြင်သူသည်ငါ့ ကိုငှင်း၊ ငါ့ စကား ကိုငှင်း ရှက်၏။ လူသား သည်မိမိအဘခမည်းတော်၏ ဘုန်း အာနုဘော်ကိုဆောင်လျက်၊ သန့် ရှင်း သော ကောင်းကင်တမန်အ ခြံအရံတို့ နှင့်ကြွလာ သောအခါထိုသူကိုရှက် တော်မူလတ္တံ့။

**ရှင်မဿဲခရစ်ဝင် ၂၄း၃၀**

ထိုအခါလူသား ၏ နိမိတ်လက္ခဏာသည် ကောင်း ကင်၌ထင်ရှား လိမ့်မည်။ မြေကြီး ပေါ် မှာလူအပေါင်းတို့ သည်ငိုကြွေး မြည်တမ်း ကြ၍၊ လူသား သည် ကြီး စွာ သောဘုန်း တန်ခိုး အာနု ဘော်ကိုဆောင်လျက်၊ မိုး တိမ်ကိုစီး ၍ ကြွလာ တော်မူသည်ကို မြင်ရ ကြလိမ့်မည်။

**ရှင်မဿဲခရစ်ဝင် ၂၄း၂၇**

လျှပ်စစ်သည်အရှေ့ မှ ပြက်၍ အနောက်တိုင် အောင်ထွန်း လင်းသကဲ့သို့၊လူသားသည်ကြွလာတော်မူလတ္တံ့။

**တမန်တော်ဝတ္ထု ၁း၁၁**

( ကောင်း ကင်တမန်တို့ က)အိုဂါလိလဲ လူတို့၊ အဘယ့် ကြောင့် ကောင်း ကင်သို့ ကြည့်မျှော်လျှက် နေ ကြသနည်း။ သင်တို့ နှင့် ခွါ၍ ကောင်း ကင်သို့ ယူ ခြင်း ကိုခံ တော်မူ သောထို ယေရှုသည်သင်တို့ မျက် မှောက်၌ ကောင်း ကင်သို့ ကြွသွား တော်မူသည့်နည်း တူတဖန် ကြွလာတော်မူလတ္တံ့ဟုပြောဆို၏။

**ရှင်လုကာခရစ်ဝင် ၂၁း၂၇**

ထိုအခါလူသား သည် ကြီး စွာ သောဘုန်း တန်ခိုး အာနု ဘော် ကိုဆောင်လျှက်၊မိုးတိမ်ကိုစီးလျှက်ကြွလာသည်ကိုမြင်ရကြလိမ့်မည်။

**ဗျာဒိတ်ကျမ်း ၁၆း၁၅**

အသံ တော်ကား၊ သူခိုး ကဲ့ သို့ ငါလာ၏။ အဝတ်အချည်း စည်း နှင့်သွား လာ၍ သူတပါး ရှေ့ ၌ရှက်စရာအကြောင်း မရှိစေ ခြင်း ငှာ နိုးလျှက်နေ၍ကိုယ်အဝတ်ကိုစောင့်သောသူသည်မင်္ဂလာရှိ၏။

**ရှင်လုကာခရစ်ဝင် ၁၂း၄၀**

ထို့ ကြောင့်သင်တို့ သည် ပြင်ဆင်လျှက် နေ ကြ လော့။ အ ကြောင်း မူကား၊ သင်တို့ မထင်မမှတ် သောအချိန်၌လူသား သည် ကြွလာလိမ့်မည်ဟုမိန့်တော်မူ၏။

**ရှင်မဿဲခရစ်ဝင် ၁၆း၂၇**

လူသား သည်မိမိအဘခမည်း တော်၏ ဘုန်း အာနု ဘော်ကို ဆောင်လျှက်၊ ကောင်း ကင်တမန်အ ခြံအရံတို့ နှင့်ကြွလာ တော် မူလတ္တံ့။ ထိုအခါသူအသီး သီး ကျင့် သောအကျင့်နှင့်အလျောက် အကျိုးအပြစ်ကိုဆပ်ပေးတော်မူလတ္တံ့။

**ရှင်လုကာခရစ်ဝင် ၂၁:၃၃**

ကောင်းကင်နှင့် မြေကြီး မတည် သော်လည်း ငါ့စကား တည် လိမ့်မည်။

**ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၁:၂၁**

အကြောင်း မူကား၊ အနာဂတ္တိစကား သည်လူ့ အလိုအား ဖြင့် ဖြစ်ဘူး သည်မဟုတ်။ ဘုရား သခင်၏ သန့် ရှင်း သူတို့ သည်သန့် ရှင်း သောဝိညာဉ် တော်၏ တိုက်တွန်း တော်မူ ခြင်း ကိုခံရ၍ ဟော ပြော ကြ၏။

**တိမောသေဩဝါဒစာဒုတိယစောင် ၃:၁၆–၁၇(ခ)**

ထိုကျမ်း စာရှိသမျှသည်ဘုရား သခင်မှုတ်သွင်း တော်မူ သော အား ဖြင့် ဖြစ်၍ • • • • ဩဝါဒ ပေး ခြင်း၊ အပြစ်ကို ဖေါ် ပြ ခြင်း၊ ဖြောင့်မတ်စွာပြု ပြင် ခြင်း၊ တရား ကိုသွန်သင် ခြင်း ကျေး ဇူး များ ကို ပြုတတ်၏။

# ဆုတောင်း၍ခွင့်လွှတ်ပါ။

( ယေရှုကမိန့် တော်မူ၏ )ထို့ ကြောင့်သင်တို့ ဆုတောင်း ရမည် မှာ– ကောင်း ကင်ဘုံ၌ရှိ တော်မူ သောကျွန်ုပ်တို့ အဘ၊ ကိုယ် တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော။ နိုင်ငံတော် တည် ထောင်ပါစေ သော။ အလို တော်သည် ကောင်း ကင်ဘုံ၌ ပြည့်စုံ သကဲ့ သို့ မြေကြီး ပေါ် မှာပြည့်စုံပါစေသော။ အသက်မွေး လောက် သောအစာကိုအကျွန်ုပ်တို့ အား ယ နေ့ ပေး သနား တော်မူပါ။ သူတပါး သည်အကျွန်ုပ်တို့ ကိုပြစ်မှား သောအပြစ်များ ကိုအကျွန်ုပ် တို့ သည်လွှတ်သကဲ့ သို့၊ အကျွန်ုပ်တို့ ၏ အ ပြစ်များ ကိုလွှတ် တော် မူပါ။ အပြစ် သွေး ဆောင်ရာသို့ မလိုက်မပါစေဘဲ မကောင်း သော အမှုအရာမှလည်း ကယ်နုတ် တော်မူပါ။ အစိုးပိုင် သောအခွင့်နှင့်ဘုန်း တန်ခိုး အာနု ဘော်သည်ကမ္ဘာအဆက်ဆက်ကိုယ် တော်၌ရှိပါ၏။ အာမင်ဟုဆု တောင်း ကြလော့။ သင်တို့ သည်သူတပါး တို့ ၏ အပြစ် ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ ရှိတော်မူသောသင်တို့ အဘသည် သင်တို့ ၏ အပြစ်ကိုလွှတ် တော်မူမည်။ သင်တို့ သည်သူတပါး တို့ ၏ အ ပြစ်ကိုမလွှတ်လျှင်၊ သင်တို့ အဘသည်သင်တို့ ၏ အ ပြစ်ကိုလွှတ် တော်မမူ။ **ရှင်မဿဲခရစ်ဝင် ၆:၉–၁၅**